
စိတ်ကူးချိုချိုအနုပညာ
mgyoe.com



အဲပျင်းပြေဇာတ်ဖို့


# ဖလော်ဆော်ဖီ

မောင်ဝဏ္ဏ

ဒုတိယအကြိမ်

mgyoe.com

mgyoe.com



အပျင်းပြေဖတ်ဖို့

# ဖလော်ဆော်ဖိ

မောင်ဝဏ္ဏ

ISBN9789997114983
MWN6
9 789997 114983
2,300.00KS

mgyoe.com

mgyoe.com

အပျင်းပြေဖတ်ဖို့ပလော်ဆော်ပီ၊ မောင်ဝဏ္ဏ
မျက်နှာဖုံးပန်းချီ - ထွန်းဝင်းအောင်
စာမျက်နှာ ၁၄၃+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# အပျင်းပြေဖတ်ဖို့ ဖလော်ဆော်ဖီ

မောင်ဝဏ္ဏ

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ

– စာရေးသူ၏ ကျေးဇူးတင်စကား က

အပျင်းပြေဖတ်ဖို့ ဖလော်ဆော်ဖီ ၁
- ဆက်ရေးချင်တဲ့အထဲက စာမြည်း ၁၃
- ကျွန်တော့်ကို 'ဆော်' ဖို့ အကွက်တွေ မြင်လာမှာပါ ၁၅
- ရေ ပေးတာ ဘယ်သူလဲ ၃၀

အကြောင်းမဲ့ အကျိုးမဖြစ်ဘူး ၃၇
- (က) အနောက်တိုင်း ဒဿနခြေရာများ ၃၈
  - – ဆူမားရီယန်များ ၄၀
  - – ဘေဘီလုံများ ၄၂
  - – အဆီးရီယန်များ ၄၃
  - – ပါရှား ၄၄
  - – အီဂျစ် ၄၆
  - – ဂျူး ၄၇
  - – ဂရိ ၄၈

mgyoe.com

mgyoe.com


- (ခ) အနောက်တိုင်း ဂုရုကြီးများ ၅၄
  - – အနက်ဇီမန်ဒ (သို့မဟုတ်) ထာဝရရုပ်ပိုင်ရှင် ၅၄
  - – အနက်ဇီမိနီ (သို့မဟုတ်) ဝါယောဆရာကြီး ၅၅
  - – ဇီနိုဖနီ (သို့မဟုတ်) မြင်းကို ပန်းချီရေးစေသူ ၅၅
  - – ပိုက်သာဂိုရ (သို့မဟုတ်) သင်္ချာနဲ့ စကြဝဠာကို ဖွင့်ဆိုသူ ၅၈

ကျွန်ုပ်ရှိတယ်၊ ဒါပေမဲ့ မရှိဘူး ၆၇
- အရှေ့တိုင်းနှင့် အနောက်တိုင်း စဉ်းစားတွေးခေါ်မှု ၇၂
- ရှိရင် သိမယ်၊ မရှိရင် မသိဘူး ၈၀
- လိပ်နဲ့ အပြေးပြိုင်လို့ ဘယ်တော့မှ မနိုင်ဘူး ၈၅
- ငါသည် မီးတောင် ၉၀
- အဏုမြူတဲ့ဟော့နော် ၉၃

အားလုံးအသေးအမွှားတွေပါပဲ ၉၅
- လာပါပြီခင်ဗျ ရုပ်ဝါဒ ၁၀၅
- အရှေ့တိုင်းက ရုပ်ဝါဒနဲ့ အဏုမြူ ၁၁၀
- ဘာလဲဟဲ့ အဏုမြူ ၁၁၂
- ဖီလော်ဆော်ဖီ မြေကြီးပေါ် ပြန်ဆင်းလာပြီ ၁၁၅
- ဂရိတွေ မျက်စိပွင့်လာပြီ ၁၂၀
- အဖြူဆိုတာ အမည်း ၁၂၅
- မှန်တယ်ထင်ရင် မှန်တယ်တဲ့ ၁၂၆
- လူဟာ စံပဲ ၁၂၈
- ဆိုဖီဆရာကြီးများရဲ့ ကျေးဇူး ၁၃၄
- ဆော့ခရတ္တိလာပြီ ၁၃၈
- ကောင်းမြတ်မှုဆိုတာ ဉာဏ်ပညာပဲ ၁၄၂


✧

mgyoe.com

mgyoe.com

## အပျင်းပြေဖတ်ဖို့ ဖလော်ဆော်ဖီ
## ကျေးဇူးတင်စကား

သည်စာအုပ်ကို ရေးဖြစ်အောင် တိုက်တွန်းအားပေးခဲ့တဲ့ အလင်းတန်း ဂျာနယ် ဆရာ ကိုဝင်းငြိမ်း၊ ဆရာ မျိုးမြင့်ငြိမ်း နှင့်တကွ အလင်းတန်း အဖွဲ့သားအားလုံးကို ကျေးဇူးတင်ကြောင်း အစီရင်ခံပါရစေ။

သည်စာစုတွေကို အလင်းတန်းဂျာနယ်မှာ စရေးတုန်းကတော့ ကျွန်တော့်မှာရှိတဲ့ အင်္ဂလိပ်စာအုပ်ကလေး နှစ်အုပ်လောက်နဲ့ ဆရာ ဦးဆန်းလွင်ရဲ့ ဒဿနစာအုပ်တွေ ဖတ်ပြီး ခပ်ဖြေးဖြေးရေးမယ်ဆိုတဲ့ စိတ်ကူးနဲ့ ရေးဖြစ်တာပါ။ ဒါပေမဲ့ ကျွန်တော့်မှာ ရေးရင်းရေးရင်း ဆင်အတ္တာကြီး တွဲခိုစီးမိသလို ဖြစ်ရပါတော့တယ်။ 'လွှတ်ချလိုက်ရင်လည်း ဆင်နင်းခံရမယ်၊ ဆက်တွဲခိုနေဖို့ကလည်း ကိုင်ရင်းကြီးလာ' ဆိုသလို ဖြစ်ရပါတယ်။

ဒီတော့ ကျွန်တော့်မှာလည်း မရှိ၊ လိုလည်းလိုအပ်တဲ့ စာအုပ်တွေ လိုက်ငှားရ၊ ပြန်ဖတ်ရ၊ ဆရာ၊ ဆရာမများ၊

mgyoe.com

mgyoe.com



သူငယ်ချင်းများကို လိုက်တွေ့ပြီး မေးရမြန်းရနဲ့ တော်တော် အီသွားပါတယ်။

ရေးမိပြီမို့ ဂရိအတွေးအခေါ်ရဲ့အစပိုင်းကို တတ်နိုင်သမျှ ကြိုးစား ရေးလိုက်ပါတယ်။ ဆရာကြီး ဆော့ခရတ္တိ အကြောင်းရောက်တော့ ကျွန်တော် စာအုပ်တွေ အများကြီး ထပ်ဖတ်ဖို့ လိုအပ်နေကြောင်း သတိထားမိပါတယ်။ ဒါကြောင့် ဆရာကြီး ဆော့ခရတ္တိအကြောင်း အရောက်မှာ ရပ်လိုက်ရ ပါတယ်။ အခြေအနေပေးရင်တော့ အနောက်တိုင်း ဖလော်ဆော်ဖီကို တတ်စွမ်းသမျှ ကြိုးစားပြီး ရေးပါဦးမယ်။ အရှေ့တိုင်း အတွေးအခေါ် ဒါမှမဟုတ် အရှေ့ဖလော်ဆော်ဖီက ပိုပြီး ရေးရခက်ပါတယ်။ ကိုးကွယ် ယုံကြည်ရာတွေနဲ့လည်း အနည်းနဲ့အများ ပတ်သက်နေပါတယ်။ အဆင်ပြေရင်တော့ ကြိုးစားပါဦးမယ်။

(ကိုးကွယ်ရာ အယူဝါဒကြီးတွေဟာ ဖလော်ဆော်ဖီ မဟုတ်ပါ)

ဒီစာအုပ်ကလေးဖြစ်ဖို့အတွက် စာအုပ်တွေငှား၊ အကြံဉာဏ်တွေ ပေးတဲ့ ဆရာ၊ ဆရာမများ၊ မိတ်ဆွေ သူငယ်ချင်းများကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို စာအုပ်တွေလည်းငှား၊ အကြံဉာဏ်တွေလည်း ပေးကြတဲ့ ကျေးဇူးရှင်တွေကတော့ ဆရာကြီး ဒေါက်တာခင်မောင်ဝင်း (ဒဿနဗေဒ)၊ ဆရာ ဒေါက်တာသန်းနိုင်၊ ဆရာမကြီး ဒေါ်ခင်စန်း၊ ပါမောက္ခကြီးများဖြစ်ကြတဲ့ ဒေါက်တာ ဒေါ်တင်တင်ထွန်း၊ ဆရာ နန္ဒသိန်းဇံ၊ ဒေါ်ရီရီမြင့်၊ ဦးအေးကျော် (ဆရာ မောင်ကြည်သစ်)၊ ဆရာ ဦးခင်မောင်ချို စသော ဆရာ၊ ဆရာမများနဲ့ ဆရာ ချစ်ဦးညို၊ ဆရာ ကိုတာ၊ ကထိက ဆရာ ဦးစိုးအောင် စတဲ့ ပုဂ္ဂိုလ်တွေပါပဲ။

စာအုပ်ဟောင်း၊ စာအုပ်ကောင်းများကို ရှာပေးတဲ့ ဆရာ ဦးမြင့်သိန်း၊ ဆရာ ကိုရဲမြင့် စတဲ့ ချစ်မိတ်ဆွေကြီး

mgyoe.com

mgyoe.com



များနဲ့ သည်လိုစာအုပ်မျိုးကို ထုတ်ဝေပေးတဲ့ ပုဂံစာအုပ်တိုက်ကိုလည်း ကျေးဇူးတင်ပါတယ်။ သည်စာမျိုးကို ဖတ်တဲ့ စာဖတ်သူကိုလည်း အထူးလေးစားစွာ ကျေးဇူးတင်ရပါတယ်။

သည်စာအုပ်ငယ်မှာ တွေ့ရတဲ့ လိုအပ်ချက်တွေနဲ့ အမှားအယွင်း၊ အကျအပေါက်မှန်သမျှကို အားမနာတမ်း ဝေဖန်ရှုတ်ချ ပေးကြပါလို့ အနူးအညွတ်တောင်းပန်ပါတယ်။

လေးစားသော

မောင်ဝဏ္ဏ

၁၃၆၇ ခု – ဝါခေါင်လပြည့်ကျော် (၁၀) ရက်၊ တနင်္လာနေ့

၂၉ – ၈ – ၂၀၀၅

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

အပျင်းပြေဖတ်ဖို့ ဖလော်ဆော်ဖီ

mgyoe.com

mgyoe.com

(Philosophy) ဖလော်ဆော်ဖီနဲ့ Logic (ယုတ္တိဗေဒ) ဟာ စိန်နဲ့တူပါတယ်။ (အဖိုးတန်ပါတယ်)။ သောကြာဂြိုဟ်ပေါ်ကို အာကာသယာဉ် လွှတ်လိုက်တော့ 'စိန်'ကို မှန်ပြတင်းအဖြစ် သုံးရတယ်။ သောကြာဂြိုဟ်မျက်နှာပြင်မှာ ဖိအားသိပ်ကြီးတယ်။ အဲဒီဒဏ်ကို 'စိန်' ပဲ ခံနိုင်တယ်။ ဒီတော့ အဖိုးတန်ပါတယ်။ (ဆားနဲ့လည်း တူတယ်ခင်ဗျ၊ အသင့်အတင့်ပဲ သုံးရပါတယ်)

ဒါပေမဲ့ ဘတ်စ်ကားစီးတဲ့အခါ စိန်တစ်ဆင်စာ မဝတ်သင့်ပါဘူး။ လိုအပ်တဲ့အခါမှပဲ ဝတ်ဆင်သင့်တယ်။ ဒီလိုပဲ Logic နဲ့ ဒဿနဗေဒ (Philosophy) ဟာ လိုသလောက် လိုအပ်တဲ့အခါမှပဲ အသုံးပြုသင့်ပါတယ်။

လောဂျစ်သိပ်ဝါသနာကြီးတဲ့ စစ်ကိုင်းဆောင်က ကျောင်းနေဖက် တစ်ယောက် ညတစ်ညမှာ 'ခွေးက ဘာကြောင့်အူတာလဲ' လို့ အော်ရင်း ပေါက်သွားလို့ စိတ်ကျန်းမာရေးဆေးရုံ ပို့လိုက်ရဖူးပါတယ်။ (လောဂျစ်အကြောင်း အရပ်စကားနဲ့ 'မည်သည့်လူမျှ မျောက်မဟုတ်' ဆိုပြီး စရဏမဂ္ဂဇင်းမှာ ရေးထားပါတယ်။ ဗြောင်ပဲဗျို့၊ ကြော်ငြာ ဖြတ်ဝင်တာပါ) တက္ကသိုလ်တက်တုန်းက ကျွန်တော်တို့ ဒဿနိကဗေဒ (ဒဿန ဗေဒ) ကျောင်းသားတွေကို တခြားဘာသာရပ်ယူတဲ့ ကျောင်းနေဖက်တွေက 'ကမ္ဘာ့ကြောင်ကြီးများအဖွဲ့'လို့ ထောမနာပြုကြပါတယ်။ သူတို့မမှားပါဘူး။ ဘာကြောင့်ဆိုတော့ ကျွန်တော်တို့သင်တဲ့ ဒဿနိကဗေဒ (Philosophy)

mgyoe.com

mgyoe.com
ဟာ 'မှန်တော့မှန်တယ်၊ ဒါပေမဲ့ မမှန်ဘူး။ မှားတော့ မှားတယ်၊ ဒါပေမဲ့ မမှားဘူး' ဆိုတဲ့ ပညာရပ်မျိုးပါ။ (ကြောင်တော့ ကြောင်တယ်။ ဒါပေမဲ့ 'လုံလောက်တဲ့' (Sufficient) အကြောင်းပြချက်နဲ့ ကြောင်တာပါ)

အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော် ကျောင်းသားဘဝတုန်းက အတွေ့အကြုံတစ်ခုကို တင်ပြပါရစေ။ ကျွန်တော် တက္ကသိုလ်တက်တဲ့ (၁၉၆၅/၆၆ က ၁၉၆၉/၇၀ လောက်) အချိန်အတွင်းမှာ အဲဒီတုန်းက ဆိုဗီယက် ပြည်ထောင်စုက ထုတ်ဝေတဲ့ စာအုပ်စာတမ်းတွေက ဈေးသိပ်ချိုပါတယ်။ လေးငါးကျပ်လောက်နဲ့ ခေါင်းအုံးအိပ်လို့ရတဲ့ စာအုပ်အထူကြီးတွေ ဝယ်လို့ရပါတယ်။ ဝါဒဖြန့်စာအုပ်တွေ ဆိုဗီယက်သံရုံးမှာ သွားတောင်းရင် အလကားရတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့ ဒဿနိကဗေဒ ကျောင်းသားတွေကြားထဲမှာ Karl Marx ရဲ့ ဒိုင်ယာလက်တစ်နည်းကျ ရုပ်ဝါဒဟာ သိပ် 'ရေပန်းစား' ခဲ့ပါတယ်။

(၂၁ ရာစုမှာ Karl Marx ရဲ့ ကျမ်းတွေကို အသေးစိတ် ပြန်လေ့လာနေကြပါပြီ၊ ဝေဖန်ဆန်းစစ်ရင်း လေ့လာတာပါ)

ကျွန်တော်တို့ကို သင်တဲ့ ဆရာတွေကြားမှာလည်း ရုပ်ဝါဒဘက်သန်တဲ့ဆရာတွေ ရှိသလို နာမ်ဝါဒဘက်သန်တဲ့ ဆရာတွေလည်း ရှိပါတယ်။ ပညာကို ပညာရပ်အတိုင်းပဲ သင်တဲ့ ဆရာ၊ ဆရာမတွေလည်း ရှိပါတယ်။

(အဲဒီအချိန်က ရုပ်ဝါဒမှ ရုပ်ဝါဒဆိုတဲ့ ကျွန်တော်တို့ဆရာ ဦးစိုးမြင့်ဟာ နောင်တစ်ချိန် ကျွန်တော်တို့ ကျောင်းကထွက်လာပြီးတော့ 'အင်းဝိဇ္ဇာ' လမ်းကို လိုက်ပါတော့တယ်။ ဘယ်လောက်အောင်မြင်သလဲ ကျွန်တော် မသိပါ။ ဆရာ ဦးဆန်းလွင် (စာရေးဆရာ ဒါရိုက်တာ ဦးဆန်းလွင်) ဟာ ဘယ်ဘာသာမှမကိုးကွယ်ဘူးဆိုတဲ့ ဘာသာမဲ့ဆရာပါ။ နောက်တော့ ဆရာ ဦးဆန်းလွင်ဟာ 'ရှင်အာဒိစ္စရံ့သီ' ဘွဲ့နဲ့ သံဃာ့ဘောင်ဝင်၊ တရားဟော၊ တရားပြ၊ တရားအားထုတ်ရင်း ပျံလွန်သွားပါတယ်။ ဆရာ ဒေါက်တာ (ဦး) သန်းနိုင်က (ဆိုဗီယက်) ရုရှားနိုင်ငံက ပါရဂူဘွဲ့ယူပြီး ပြန်ရောက်စပါ။ ခြိမ့်ခြိမ့်သဲသဲ စည်စည်ကားကား ပျော်စရာကြီးခင်ဗျ။

ဆရာမကြီး ဒေါ်မေတင်ထွတ်၊ဆရာမကြီး ဒေါ်ခင်ဆက်ရီ၊ ဆရာမကြီး ဒေါ်သန်းဆွေ၊ ဆရာမကြီး ဒေါ်ခင်အေးသီ၊ ဒေါ်ခင်စန်း၊ ဆရာ ဦးသန်းအောင်ကြီး
mgyoe.com

mgyoe.com
အစရှိတဲ့ ဆရာ၊ ဆရာမကြီးတွေကတော့ သင်ရိုးကို ကျေညက်အောင် သင်ပြနိုင်တဲ့ ဆရာ၊ ဆရာမကြီးတွေပါပဲ)

ကျွန်တော်တို့တစ်တွေဟာ ရုပ်ဝါဒကို အများဆုံးပြော၊ အများဆုံးငြင်းကြပါတယ်။ 'ဒိုင်ယာလက်ထိကယ် မထီရီယယ်လစ်ဇင်'လို့ ပြောရတာကို ခံတွင်းတွေ့နေတဲ့အချိန်ပါ။ အဲသလို တဖောင်ဖောင် ပြောနေကြတာကို ပါမောက္ခဆရာကြီး ဒေါက်တာ (ဦး) ခင်မောင်ဝင်း ကြားသွားပါလေရော။ မကြားလည်း ခံနိုင်ရိုးလားဗျာ။ ပါမောက္ခကြီးရဲ့ရုံးခန်းနောက်ဘက်ကပ်ရက် ကော်ရစ်ဒါမှာ ဆူညံဆူညံ ငြင်းခုံနေကြတာကိုး။

တစ်နေ့တော့ ပါမောက္ခ ဒေါက်တာ (ဦး) ခင်မောင်ဝင်းက ကျွန်တော်တို့ ဝိဇ္ဇာတစ်တန်းလုံးကော၊ မဟာဝိဇ္ဇာ အရည်အချင်းစစ်နဲ့ မဟာဝိဇ္ဇာတန်းသားတွေပါခေါ်ပြီး ဝိဇ္ဇာခန်းမမှာ 'လက်ချာ' ပေးပါတော့တယ်။ အနောက်တိုင်းရုပ်ဝါဒရဲ့သမိုင်းကြောင်းကို ခြေရာကောက်ပြပါတယ်။ ကျွန်တော်တို့နားလည်လွယ်အောင် ဟေရာကလိတပ်ရဲ့ 'လူတစ်ယောက်ဟာ မြစ်တစ်စင်းထဲကို နှစ်ခါမဆင်းနိုင်' (အင်္ဂလိပ်လိုက 'You step and do not step into the same river: we are and we are not' တဲ့။ 'သင်ဟာ မြစ်တစ်စင်းထဲကို တစ်ခါ ဆင်းနိုင်တယ်။ နောက်တစ်ခါ ထပ်မဆင်းနိုင်ဘူး။ ကျွန်ုပ်တို့ဟာ ရှိတယ်။ တစ်ပြိုင်နက်တည်းမှာ မရှိဘူး') တိုက်ရိုက်ပြန်ရင် အဲဒီအတိုင်းပဲ။ အဲဒါကိုရှင်းရင် အခန်းတစ်ခန်းစာလောက် ရေးရလိမ့်မယ်။ ကြုံတော့ ဆွေးနွေးတာပေါ့ဗျာ။

အဲဒီပြောင်းလဲမှု သဘောတရားလောက်က စပါတယ်။ အဲဒီနောက် လူစိပု (Lucipus) နဲ့ ဒီမိုခရိတပ်ရဲ့ အဏုမြူဝါဒ (Atomism) (အိန္ဒိယက ချာရ်ဝက (Charvaka) တို့ရဲ့ ရုပ်ဝါဒ) အကြောင်းပြောပါတယ်။ လောကမှာ ရှိရှိသမျှ အဏုမြူတွေနဲ့ပဲ ဖွဲ့စည်းထားတဲ့အကြောင်း ဒီမိုခရိတပ်ရဲ့အယူ (ism) ကို ရှင်းပြပါတယ်။ ပလေတိုရဲ့နိုင်ငံတော် (Republic) အကြောင်း၊ အာရစ္စတိုတယ်ရဲ့ ထာဝရနာမ်ဝါဒအကြောင်း၊ အဲဒီနောက် အာရစ္စတိုတယ်ရဲ့ အတွေးအခေါ်လွှမ်းမိုးမှုကြောင့် အလယ်ခေတ် (အမှောင်ခေတ်) ဥရောပမှာ နှစ်တစ်ထောင်လောက် ခေတ်နောက်ကျခဲ့ပုံ၊ အဲဒီနောက် ပြန်လည်ဆန်းသစ်ကြပုံ၊ သိပ္ပံထွန်းကားပုံ၊ အတွေးအခေါ်များ ပြောင်းလဲ လာပုံအကျဉ်း၊ ဟေဂယ်ရဲ့
mgyoe.com

mgyoe.com


အနန္တပိညာဉ်တော် (Absolute Idea) ရဲ့ အားနည်းချက် စသဖြင့် စိတ်ဝင်စားအောင် ပို့ချပါတယ်။

အဲဒီနောက် 'ဖျူဟားဘက်ရှ်'ရဲ့ ရုပ်ဝါဒ။ ပြီးတော့ မာ့ခ်စ်ရဲ့ ဒိုင်ယာလက်တစ်နည်းကျ ရုပ်ဝါဒ။ မာ့ခ်စ်ရဲ့ ဆင်းရဲနွံချာလှတဲ့ဘဝ (မာ့ခ်စ်ဟာဆွေကြီးမျိုးကြီးထဲကပါ။ သူ့ရဲ့ဇနီး ငယ်ချစ်ဦး ဂျင်နီဝက်စ်ဖဲလဲင်းကလည်း ပရပ်ရှားဝန်ကြီးတစ်ယောက်ရဲ့ နှမ။ ဒါပေမဲ့ မာ့ခ်စ်ရဲ့ဇနီး 'ဂျင်နီ' ဟာ ဆင်းရဲငတ်ပြတ်ပြီး ဆေးကုစရိတ်မရှိလို့ ကွယ်လွန်ခဲ့ရရှာပါတယ်။ မာ့ခ်စ် ကိုယ်တိုင်လည်း ပြင်သစ် ဒဿနဆရာကြီး ဖရက်ဒရစ်အိန်ငဲက ထောက်ပံ့ထားလို့ မသေရုံတမည်နဲ့ 'ဒဿနဆင်းရဲခြင်းအကြောင်း' နဲ့ 'အရင်းအနှီး' ကျမ်းကြီးတွေ ပြုစုခဲ့တာပါ။ 'အရင်းအနှီး'(Das Kapital) ကို အဆုံးသတ်ခါနီးမှာ ရိုးရိုးရှင်းရှင်းပြောရရင် ငတ်ပြီးကွယ်လွန်ခဲ့ပါတယ်။ 'အရင်းအနှီး' ကျမ်းကို ဖရက်ဒရစ်အိန်ငဲက နိဂုံးကမ္ပတ် အဆုံးသတ်အပိုင်းကို ရေးခဲ့ပါတယ်။

အဲဒီ 'အရင်းအနှီး' ကျမ်းကြီးနဲ့ 'ဒဿန ဆင်းရဲခြင်း' (Poverty of Philosophy) ကျမ်းကြီးနှစ်ကျမ်းနဲ့ ပတ်သက်ပြီး (မာ့ခ်စ်ဟာ အဲဒီကျမ်းနှစ်ကျမ်းပဲ ပြုစုခဲ့ပါတယ်) ဟာသလေးတစ်ပုဒ် ရှိပါတယ်။ အပျင်းပြေဖတ်ကြည့်ပါ။

အရှေ့ဂျာမနီနဲ့ အနောက်ဂျာမနီ ကွဲနေတဲ့အချိန်တုန်းက အနောက်ဂျာမနီ အနောက်ဘာလင်မြို့ကို ခရီးသွား တိုးရစ်တွေ ရောက်လာပါတယ်။ ခရီးသွားလမ်းညွှန်က ကားလ်မာ့ခ်စ် အထိမ်းအမှတ်ပြတိုက်ကို ခေါ်သွားပြီး ပြသရှင်းလင်းပါတယ်။

"ဒါက ခေါင်းဆောင်ကြီး ကားလ်မာ့ခ်စ်အတွက် ဂျာမန်တွေက ဂုဏ်ပြုတဲ့အနေနဲ့ ဆောက်လုပ်ထားတဲ့ အဆောက်အအုံဖြစ်ပါတယ်။ ကားလ်မာ့ခ်စ်ဟာ ကျမ်းကြီးနှစ်ကျမ်းပဲ ပြုစုခဲ့ပါတယ်။ တစ်ခုက 'အရင်းအနှီး' (Das Kapital) ကျမ်းကြီးဖြစ်ပါတယ်။ နောက်တစ်ခုက 'ဒဿနအတွေးခေါ် ဆင်းရဲခြင်း' (Poverty of Philosophy) ကျမ်းကြီးဖြစ်ပါတယ်။ ကျွန်မတို့ အနောက်ဂျာမနီမှာ 'အရင်းအနှီး' ကြီးပဲရှိပါတယ်။ အဲ.... 'အတွေးအခေါ် ဆင်းရဲခြင်း' ကြီးကတော့ ကွန်မြူနစ် အရှေ့ဂျာမနီမှာ ရှိပါတယ်။"

mgyoe.com

mgyoe.com


ဆရာကြီး ဒေါက်တာခင်မောင်ဝင်းက ကားလ်မာ့ခ်စ်ရဲ့ ဒိုင်ယာလက်တစ်နည်းကျရုပ်ဝါဒ၊ သိပ္ပံနည်းကျ ရုပ်ဝါဒအကြောင်းတွေ ကျကျနန ရှင်းပြပါတယ်။ ဒီတော့ ကျွန်တော်တို့စိတ်ထဲမှာ 'တို့ပါမောက္ခကြီးလည်း ရုပ်ဝါဒကို သဘောကျတယ်ထင်ပါရဲ့' လို့ တွေးမိလာပါတယ်။ အဲဒီအချိန် မှာပဲ ဆရာဒေါက်တာ ဦးခင်မောင်ဝင်းက ရုပ်ဝါဒရဲ့ အားနည်းချက်တွေကို တစ်စချင်း ဆွဲထုတ်ပြတော့တာပါပဲ။ ရုပ်ဆိုတာ ဘာလဲ။ 'What is matter' ဆိုတဲ့ ကိစ္စလောက်က စပါတယ်။

(ရှည်လျားထွေပြားမှာစိုးလို့ အကျဉ်းချုပ်ပါ့မယ်)

ရုပ်ဆိုတာ စိတ်မဟုတ်တာတွေ အားလုံးကိုပြောတာပါပဲ။ ရုပ်ကို သိပ်အလေးအနက်ပြုမိရင် နာမ်၊ ဒါမှမဟုတ် စိတ်ကို နားလည်မှု နည်းလာမယ်။ စိတ်ဆိုတာ ရုပ်ကဖြစ်တဲ့ စွမ်းအင်တစ်မျိုးပါပဲလို့ ထင်လာတတ်တယ်။ ဒီအခါမှာ စိတ်နဲ့ပတ်သက်နေတဲ့ ကိုယ်ကျင့်တရားကအစ ကိုးကွယ်ရာဘာသာအထိ အထင်အမြင်တွေ လွဲနိုင်တယ် စသဖြင့် ရုပ်ဝါဒကို ဝေဖန်ပြလိုက်တာ ကျွန်တော်တို့ အထင်ကြီးထားတဲ့ ဒိုင်ယာလက်ထိကယ် မထိရိယယ်လစ်ဇင်ဟာ မြောင်းထဲလွင့်ပစ်ရမလို ဖြစ်သွားပါတော့တယ်။

(မှန်တော့ မှန်တယ်၊ ဒါပေမဲ့ မမှန်ဘူးဆိုတဲ့ သဘောပါပဲ) ဒါဖြင့်ရင် ကျွန်တော်တို့ ပါမောက္ခဟာ နာမ်ဝါဒကို သဘောကျတာလား။ ဆရာကြီး ဦးခင်မောင်ဝင်းက နာမ်ဝါဒအကြောင်းကို ဂရိတွေးခေါ်ရှင် ပိုက်သာဂိုရလောက်က စပါတယ်။ သင်္ချာသာလျှင် (ဒြပ်မဲ့သဘောသာလျှင်) လောကကြီးရဲ့ အချက်အချာဆိုတဲ့ သဘောတရားပါ။ အဲဒီနောက် အာရစ္စတိုတယ်ရဲ့ နာမ်ဝါဒ၊ အလယ်ခေတ်တွေးခေါ်ရှင် စိန့်သောမတ်စ်အက္ကွိုင်းနပ်တို့အကြောင်း၊ 'Henry Bergson' ရဲ့ အနိစ္စ သဘောတရား၊ သင်္ခါရသဘော၊ စိတ်အလျဉ်သဘော (Stream of conciousness) တရားတွေ ပြောလိုက်တာ H.Bergson ကို ထိုင်ရှိခိုးချင်စိတ် ပေါက်လာပါတယ်။ သူ့ရဲ့ဝါဒဟာ ဗုဒ္ဓဝါဒနဲ့ နည်းနည်းဆင်တူပါတယ်။ ဒါပေမဲ့ ကိုးကွယ်ရာ မဟုတ်ပါ။

(H.Bergson: Creative Evolution)

ဂျာမန်တွေးခေါ်ရှင် ကန့် (Kant) ရဲ့ အယူအဆ။ ပြီးတော့ ဟေဂယ် (Hegel) ရဲ့ ဒိုင်ယာလက်တစ်နည်း၊ အနန္တဝိညာဉ်တော် စသဖြင့် နာမ်ဝါဒရဲ့

mgyoe.com

mgyoe.com


အားကောင်းချက်တွေ၊ စိတ်ချမ်းသာမှု၊ ကိုယ်ကျင့်တရားကောင်းမှု၊ သံသရာကိစ္စ၊ သိပ္ပံပညာက လက်လှမ်းမမီတဲ့ ကိစ္စတွေအကြောင်း ဟောပြောပို့ချပါတယ်။ ရုပ်ကနေ စွမ်းအင်အဖြစ်ပြောင်းလဲပုံ၊ ရူပဗေဒရဲ့နောက်ဆုံးတွေ့ရှိချက်၊ (ရုပ်ကနေ စွမ်းအင်သဘောကို အမြဲပြောင်းလဲနေသော၊ အမြဲဟူ၍ မရှိသော၊ ဘာမှမရှိသော ဟင်းလင်းပြင် လောကကြီး) အကြောင်းတွေ ရှင်းပြပါတယ်။

ပြီးတော့မှ အဲဒီနာမ်ဝါဒရဲ့ အားနည်းချက်တွေကို ဆွဲထုတ်ပြတော့တာပါပဲ။ ဒိုင်ယာလက်တစ်နည်းနဲ့ ရှင်းမရတဲ့အဆုံး 'ဟေဂဲလ်' ရဲ့ Absolute Idea (အနန္တဝိညာဉ်တော်ကြီး) ကို (ဘာကြီးမှန်းမသိဘဲ) နာမ်ဝါဒီတွေက ဆွဲထုတ်ပြတဲ့အကြောင်း စသဖြင့်ပေါ့ဗျာ။

အဆုံးမတော့ အဲဒီနာမ်ဝါဒကြီးကိုလည်း ဘယ်ချောင်ထဲ လိုက်ရှာရမလဲ မသိတော့ဘူး ဖြစ်သွားတယ်။ (မှားတော့မှားတယ်၊ ဒါပေမဲ့ မမှားဘူး) ဆိုတာမျိုး ဖြစ်တယ်။ အဆုံးသတ် ပို့ချမှုကတော့ မတောက်တခေါက် အသိဉာဏ်ဟာ သိပ်အန္တရာယ်ကြီးတယ်။ (Little knowledge is very dangerous) ဆိုတဲ့ သဘောမျိုးနဲ့ ပို့ချချက်ကို အဆုံးသတ်ပါတယ်။

(မော်တော်ကားကို မတတ်တတတ်နဲ့ပြင်ရင် ပိုပျက်သွားတတ်တယ်လေ)

ကျွန်တော်မှတ်မိသလောက် ရေးတာမို့ အမှားအယွင်းတွေ ပါနိုင်ပါတယ်။ လိုရင်းသဘောကတော့ အစွန်းရောက် အတွေးအခေါ်တွေဟာ 'မနိပ်ဘူး'ယထာဘူတမကျဘူးလို့ သိစေချင်တယ်လို့ ထင်ပါတယ်။ ကိုယ်တိုင် တွေးခေါ်ဆင်ခြင်စေချင်တယ်လို့ ယူဆပါတယ်။ အဲဒီနေ့က ပါမောက္ခကြီး ဒေါက်တာ ခင်မောင်ဝင်းရဲ့ လက်ချာဟာ သုံးနာရီလောက် ကြာမယ် ထင်ပါတယ်။ အဲဒါလည်းပြီးရော ကျွန်တော်တို့တစ်တွေ လက်ဖက်ရည်ဆိုင်မှာ အသံတိတ် ငိုင်မိကြပါတယ်။ တို့သင်နေတာ ဘာလဲ။ ဟိုဟာ မဟုတ်၊ ဒီဟာမဟုတ်၊ ဟုတ်တာ ဘာရှိသလဲ.... စသဖြင့်ပေါ့။

ဦးမြဝင်း (ဆရာကြီးမြဝင်း၊ ဒဿန) တို့ကိုတော့ အဲဒီအကြောင်း မဟာဝိဇ္ဇာအရည်အချင်းစစ်နဲ့ မဟာဝိဇ္ဇာတန်းတွေမှာ ဆွေးနွေးခိုင်းတယ်လို့ ပြောပါတယ်။ (ရုပ်ဝါဒ သဘောကျတဲ့လူတွေက တစ်ဖက်၊ နာမ်ဝါဒ သဘောကျတဲ့လူတွေက တစ်ဖက် ဆွေးနွေးခိုင်းပါသတဲ့။)

mgyoe.com

mgyoe.com



ကျွန်တော်တို့ကိုလည်း စာသင်ခန်းမှာ ဒဿန ပြဿနာများ (Problems) အကြောင်းသင်ရင်း ဆွေးနွေးခိုင်းပါတယ်။ ဒီတော့မှ ဆရာကြီးရဲ့ စေတနာကို နားလည်လာပါတယ်။

ဆရာကြီး ဒေါက်တာ ဦးခင်မောင်ဝင်းရဲ့ ပို့ချနည်းဟာ ဆွေးနွေးတဲ့ အပိုင်းကို အလေးထားတယ်။ 'ဓါ၊ သည် မရွေ့' ပြန်ပြောနိုင်တဲ့နည်းကို သဘောမကျပါဘူး။ ကိုယ်ထင်ရာကို ပြောနိုင်တယ်။ အထောက်အထား ခိုင်လုံရမယ်။ ပြီးတော့မှ ကျွန်တော်တို့ အယူမှားတာတွေကို ဖြည်းဖြည်း ဆေးဆေး လေအေးအေးနဲ့ ပြန်ပြင်ပေးတယ်။ (တစ်ခါတလေ အတွေးအခေါ် သစ်ကို လက်ခံတယ်) စနစ်တကျ ဆင်ခြင်စဉ်းစားတတ်ဖို့ကို ဦးစားပေးတယ်။ တစ်ခါတလေ အဆင့်မြင့် ရူပဗေဒ၊ အဆင့်မြင့် သင်္ချာ စတာတွေ ပို့ချတတ်တယ်။ 'အဲဒါ ကျွန်တော်တို့နဲ့ ဆိုင်ပါသလား' လို့မေးရင် ဆိုင်တဲ့ အစိတ်အပိုင်းကို ရှင်းပြတယ်။ မဆိုင်တဲ့ အပိုင်းတွေလည်း ပြောပြတယ်။ တကယ်တော့ ဒဿနပြဿနာများဆိုတာ ကမ္ဘာကုန်ကျယ်သရွေ့ (စကြဝဠာကျယ်သရွေ့) မပြီးနိုင်မစီးနိုင် ကိစ္စကြီးပါ။ ဆရာက စာအသင်အပြကောင်းတော့ သင်နေတုန်းမှာ သိပ်စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဒါပေမဲ့ မှတ်စုကိုကြည့်ပြီး စဉ်းစားတော့ ဦးနှောက်တွေ ချာချာလည်တော့တာပါပဲ။

ဆရာ ဒေါက်တာ ဦးသန်းနိုင်ကျတော့ တစ်မျိုး။ ဆရာက ကျွန်တော်တို့နဲ့ ညီအစ်ကိုလို ပေါင်းတယ်။ ကျွန်တော်တို့ကလည်း ဆရာ့ကို အစ်ကိုလို ချစ်တယ်၊ လေးစားတယ်။ ဆရာက ပွင့်ပွင့်လင်းလင်းပြောတယ်။ ဆရာသင်တဲ့ (Philosophy of History) (အစပိုင်းမှာ ဆရာမကြီး ဒေါ်သန်းဆွေနဲ့ ဆရာမကြီး ဒေါ်ခင်စန်း သင်ပါတယ်) သမိုင်းဆိုင်ရာ ဒဿနိကပညာကို တော့ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား သင်နိုင်တယ်။ ခက်ခဲနက်နဲတဲ့ အကြောင်းတွေကိုလည်း နားလည်လွယ်အောင် သင်နိုင်တယ်။ (သမိုင်း ဒဿနဆိုတာ လူ့သမိုင်းကြီးကို ရှုထောင့်အမျိုးမျိုးက ကြည့်မြင်တာပါပဲ)

ဒဿနပညာမှာ အယူအဆ၊ အတွေးအခေါ်တွေ အများကြီးပဲ၊ သူ့ဘက်ကကြည့်ရင် သူမှန်တယ်လို့ ပြောနိုင်တာတွေချည်းပဲ။ ကျွန်တော်က 'အမှန်တရား' အကြောင်း ဆရာ ဒေါက်တာ ဦးသန်းနိုင်ကို မေးမိတယ်။ ဆရာက 'Absolute Truth ကို မင်းယုံသလား' တဲ့။ ကျွန်တော်က 'မယုံဘူး'

mgyoe.com

mgyoe.com
လို့ ပြောတယ်။ ဆရာ ဒေါက်တာသန်းနိုင်က 'အေး.... အဲဒါပဲ၊ ဖလော်ဆော်ဖီမှာ အလုံးစုံ အမှန်ဆိုတာ မရှိဘူး။ ဟော့ကောင် ဝဏ္ဏ.... မင်း သိပ်မတွေးနဲ့ ရူးသွားမယ်။ ဖတ်နိုင်သလောက် စာတွေဖတ်၊ တွေးနိုင်သလောက်ပဲ တွေး။ မတွေးနိုင်တာတွေ လျှောက်မတွေးနဲ့။ သင်တာတွေ နားလည်အောင် လုပ်။ ဖလော်ဆော်ဖီမှာ ပုံသေကားကျ မရှိဘူး။ ဒါပေမဲ့ စာမေးပွဲမှာ မေးတာကို ဖြေနိုင်အောင်လုပ်။ Master တက်ရင် ဒီထက် ရှုပ်တာတွေ တွေ့မယ်။ Doctrate ကျတော့ ပိုတောင်ရှုပ်ဦးမယ်။ (နောက်ဆုံးကျတော့ လောကကြီးဟာ ရိုးရိုးရှင်းရှင်းလေးပဲကွ။ ရှုပ်တာက လူတွေ) စာတွေ နားလည်အောင်လုပ်၊ ပြီးတော့ ပျော်ပျော် နေစမ်းပါကွာ။ ကဲ.... လက်ဖက်ရည် သောက်မယ်' တဲ့။

အဲသလို ပြောမယ့်သာပြောတာ သူ့အတန်းတက်တဲ့အခါကျတော့ သမိုင်းကို ထောင့်ပေါင်းစုံက ကြည့်မြင်ပြတာ ချာချာကို လည်သွားတာပါပဲ။ ဆရာကြီး တွိုင်းဘီး (Toynbee) ရဲ့ သမိုင်းဒဿနအမြင်က 'သမိုင်းဆိုတာ လှည်းဘီးသွားသလို တစ်ပတ်ပြီးတစ်ပတ်လည်ရင်း ရှေ့တိုးသွားတယ်' ဆိုတဲ့အမြင်။ ဘယ်လောက်မှန်သလဲ။ (မှန်တော့မှန်ပါရဲ့၊ ဒါပေမဲ့ အမြဲတမ်း မမှန်ဘူး) Karl Marx ရဲ့ သိပ္ပံနည်းကျ ရုပ်ဝါဒီ (Scientific Materialists) တွေရဲ့ ဝက်အူရစ်သဏ္ဍာန် တိုးတက်လာသော လူ့သမိုင်းကြီး။ ဘယ်လောက် မှန်သလဲ။ (မှန်သလိုပဲ၊ ဒါပေမဲ့ မှားတယ်၊ ဒါပေမဲ့ မမှားဘူး) ဘယ်လောက် ရှုပ်သလဲဗျာ။ (Evolution - Revolution) တွေနဲ့ စဉ်းစားလို့ ရပါတယ်)

(အခု ဖရန့်စစ် ဖူကူယာမ က 'သမိုင်း၏ ဇာတ်သိမ်း' (The End Of History) ဆိုတဲ့စာအုပ်ရေးတယ်။ သမိုင်းဒဿန (Philosophy Of History) ရှုထောင့်ကနေ ရေးတာပါပဲ။ ဒါပေမဲ့ သူက နိုင်ငံရေးသဘော 'ပိုကဲ' ထားတယ်။ 'လူ့သမိုင်းကြီး ဘယ်လိုလုပ် ဇာတ်သိမ်းနိုင်မှာလဲ' လို့ ငြင်းချက်တွေ ထုတ်တော့ သူက 'လစ်ဘရယ် ဒီမိုကရေစီနဲ့ ကွန်မြူနစ်စနစ်ရဲ့ တိုက်ပွဲ ပြီးဆုံးတာကို ပြောတာပါ'တဲ့။ လူလည်ကျတယ်လို့ပဲ ကျွန်တော်ထင်တယ်)

ဒါပေမဲ့ ဆရာဒေါက်တာ ဦးသန်းနိုင်ကို မရှင်းတာတွေ တစ်ခုချင်း မေးတော့လည်း ရှင်းသွားတာပါပဲ။ ဝိဇ္ဇာတန်း စာမေးပွဲဖြေဖို့ အဆင့်အထိ ပေါ့။
mgyoe.com

mgyoe.com

ဆရာမကြီး ဒေါ်မေတင်ထွတ်ဆိုရင် ကျွန်တော်တို့ပါမောက္ခ ဆရာကြီး ဒေါက်တာ ဦးခင်မောင်ဝင်းရဲ့ ဆရာမ ဖြစ်ခဲ့ဖူးတယ်။ ဒီတော့ ကျွန်တော်တို့ ပြာနေအောင် ကြောက်ရတာ။ ဒါပေမဲ့ သူသင်တဲ့ဘာသာရပ်ကို ဂရုတစိုက် လေ့လာပြီး လစဉ်စာမေးပွဲမှာ အတော်အတန်ဖြေနိုင်ရင် သိပ်မဆူဘူး။ အတန်းထဲမှာ စာသိပ်မမေးဘူး။ သင်တာကိုပဲ ဂရုစိုက် လိုက်မှတ်ခိုင်းတယ်။ ရယ်စရာတွေ မပြောဘူး။ ဒါပေမဲ့ စိတ်ဝင်စားစရာကောင်းတယ်။ တစ်ခါ တလေ အတန်းလစ်တာကို မသိယောင်ဆောင်နေတယ်။ ကျောင်းပျက်တာ များရင်တော့ မညှာမတာ ဆူတော့တာပဲ။ 'ဝဏ္ဏ ဒီကိစ္စကို ချက်ချင်းရပ်စမ်း' ဆိုတဲ့ အမိန့်ပေးဝါကျတွေ ပြောတတ်တယ်။

ဆရာမကြီး ဒေါ်ခင်ဆက်ရီဆိုရင် သူနိုင်ငံခြားက အမြတ်တနိုး ဝယ်လာတဲ့ ကမ္ဘာကျော်ပန်းချီကား (မိတ္တူပွားထားတဲ့ ပန်းချီကားကြီးတွေ၊ 'ဒါဗင်ချီ' 'ဂေါဂင်' 'ရနွား' တို့ရဲ့ကား) တွေကို အတန်းထဲမှာ ပန်းချီဒေါက်နဲ့ ထောင်ပြပြီး (Philosophy of Art: Aesthetics) ကို သင်ပြတယ်။

ဆရာမ ဒေါ်ခင်စန်းကို (အာစရိယပူဇော်ပွဲမှာ) အသက်ကြီးမှ ပြန်တွေ့ တော့ 'အတန်းထဲမှာ ဝဏ္ဏ ငိုင်ငိုင်နေတာ ဘာဖြစ်လို့ပါလိမ့်လို့ တွေးမိတယ်၊ လက်စသတ်တော့ ပန်းတွေနဲ့ဝေ ရေးဖို့ ငိုင်နေတာကိုး' လို့ ရယ်ရယ်မောမော ပြောပါတယ်။

ဘယ်ဆရာကို တွေ့တွေ့ လက်ဖက်ရည်ဆိုင်မှာ စာမေးလို့ရတယ်။ စိတ်ရှည်လက်ရှည် ရှင်းပြတယ်။ (ဆရာ ဦးဆန်းလွင်ဆိုရင် သူက လက်ဖက် ရည်တိုက်ပြီးတော့တောင် ရှင်းပြသေးတယ်) ပညာလိုချင်စိတ်သာရှိပါစေ။ တက္ကသိုလ်တိုင်းဟာ တကယ်ပျော်ဖို့ကောင်းတဲ့ အရိပ်အာဝါသကြီးပါ။ ခုဆို အများကြီး တိုးတက်နေပါပြီ။ အင်တာနက်နဲ့ချိတ်ပြီး အင်တာနက်ထဲမှာ ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေက တက္ကသိုလ်ပညာရပ်တွေကို ကိုယ့်အိမ်(ကျောင်းထဲ) ကနေ လှမ်းသင်ချင်လို့ ရနေပါပြီ။ (ပိုက်ဆံတော့ နည်းနည်း ပိုကုန်လိမ့်မယ် လို့ ထင်ပါတယ်) အင်္ဂလိပ်စာလည်း ကျွမ်းရလိမ့်မယ်။ ဒါကတော့ ကိုယ့် ဘာသာ ကိုယ်ကြိုးစားပေါ့ဗျာ)

ကျွန်တော်တို့ ကျောင်းသားတွေကို ဆွေးနွေးမေးမြန်းခွင့် ဘယ်အထိ ပေးထားသလဲဆိုတာ ဥပမာလေးတစ်ခု ပြပါရစေ။ ကိုဘဝင်းဆိုတဲ့

mgyoe.com

mgyoe.com

ကျွန်တော်တို့ သူငယ်ချင်းတစ်ယောက်ရှိပါတယ်။ သူက စာကျက်ပါတယ်။ အလွတ်နီးပါးရအောင် ကျက်ပါတယ်။ ကျွန်တော်တို့က မသိတာ မမှတ်မိတာရှိရင် သူ့ကို မေးရပါတယ်။ ဒါပေမဲ့ နှစ်ဝက်စာမေးပွဲတစ်ခုမှာ ကျွန်တော်၊ ခင်မောင်ဇော်၊ စိုးမင်း၊ ခင်ဇော်၊ ဌေးဝင်း၊ အေးကျော် အစရှိတဲ့ သူငယ်ချင်းတွေက အမှတ်များပြီး 'ကိုဘဝင်း' ကတော့ ကျွန်တော်တို့ထက် အမှတ်နည်းနေပါတယ်။ ဒီတော့ ကိုဘဝင်းက အတန်းချိန်တစ်ချိန်မှာ ပါမောက္ခဆရာကြီး ဒေါက်တာ ဦးခင်မောင်ဝင်းကို မေးပါတော့တယ်။ သူဟာ 'သင်ထားတဲ့စာတွေကို ၈၊ သည်မရွေး' ရတဲ့ အကြောင်း၊ (ခင်မောင်ဇော်၊ ဝဏ္ဏ၊ စိုးမင်း၊ ဌေးဝင်း)တို့ကျတော့ စာတွေ မမှတ်မိလို့ သူ့ကိုမေးတဲ့အကြောင်း၊ ဒါပေမဲ့ အမှတ်ကျတော့ ခင်မောင်ဇော်၊ ဝဏ္ဏ၊ အေးကျော်တို့က များနေကြောင်း၊ သူရတဲ့ အမှတ်က နည်းနေကြောင်း၊ အဲဒါ ဘာကြောင့်ပါလဲ' ဆိုတာမျိုး မေးပါရော။

ပါမောက္ခ ဒေါက်တာ ဦးခင်မောင်ဝင်းရဲ့ အဖြေက တိုတိုရှင်းရှင်းကလေးပါ။ 'ခင်ဗျားက ၈၊ သည်၊ မရွေး ဖြေလို့ အမှတ်နည်းတာပါ၊ ကျွန်တော်တို့သိချင်တာက ခင်ဗျား ဘယ်လောက် စာကျက်သလဲဆိုတာ မဟုတ်ပါဘူး။ ခင်ဗျား ဘယ်လောက် မှန်ကန်စွာ ဆင်ခြင်တွေးတောသလဲ ဆိုတာကို သိချင်တာပါ'တဲ့။ (By heart) နည်းကို သဘောမကျဘူး ဆိုတဲ့ သဘောပါပဲ။ နောက် စာမေးပွဲနီးတော့ 'ကိုဘဝင်း' ကပဲ မေးပြန်ပါတယ်။ 'ခုစစ်မယ့်စာမေးပွဲမှာ တရားမျှမျှတတစစ်မှာလား၊ တရားမမျှမတစစ်မှာလား' တဲ့။ တချို့ပါမောက္ခဆရာဆိုရင်တော့ ဒေါကန်နိုင်ပါတယ်။ ကျွန်တော်တို့ ပါမောက္ခကတော့ ပြုံးပြုံးပြုံးပြုံးနဲ့ 'တရားမျှမျှတတ စစ်ပါ့မယ်ဗျာ၊ စိတ်ချပါ' လို့ ဖြေလိုက်ပါတယ်။ ဒဿနိကဗေဒ (ဒဿနဗေဒ) ပညာဆိုတာ အဲသလို ဆရာတွေနဲ့ အဲသလို ကျောင်းသူ ကျောင်းသားတွေ သင်တဲ့ပညာရပ်ခင်ဗျ။

'ကမ္ဘာ့ကြောင်ကြီးများ အဖွဲ့' ဆိုတဲ့ နာမည်နဲ့ လိုက်မလိုက် စဉ်းစားကြည့်ပေါ့ဗျာ။ (ကိုဘဝင်းကတော့ ကွယ်လွန်သွားရှာပြီ) ကျွန်တော် ပြောချင်တာက လောဂျစ်အပါအဝင် ဒဿနိကဗေဒ (ဒဿနဗေဒ) ပညာဆိုတာ ထာဝရအမှန်တရားကြီးကို ရှာကြည့်တယ်။ မှန်တယ်လို့ ထင်တာကို အကျိုးအကြောင်းခိုင်ခိုင်လုံလုံနဲ့ တင်ပြတယ်။ ဒါပေမဲ့ အဓိကအချက်က ယေဘုယျ

mgyoe.com

mgyoe.com

အမှန် (အများအားဖြင့် မှန်တဲ့ကိစ္စ) ကို အထူးပြုလေ့လာတဲ့ ပညာဖြစ်စ်ကြောင်းပါ။ (ဘာသာရပ်ခွဲတွေ ရှိပါတယ်။ ရှုပ်ကုန်မှာစိုးလို့ မရေး တော့ပါဘူး။) အသိဉာဏ်ပညာကို မြတ်နိုးခြင်း 'Love Of Wisdom' လို့လည်း ပြောကြပါသဗျ။

အဲဒီ ဒဿနဗေဒ (Philosophy) အကြောင်းကို ရိုးရိုးရှင်းရှင်းနဲ့ တင်ပြဖို့ (အရပ်စကားနဲ့ ရေးဖို့) ကြိုးစားကြည့်ပါဦးမယ်။ တတ်လှလို့တော့ မဟုတ်ပါဘူး။ သင်ထား၊ ဖတ်ထား၊ မှတ်ထား၊ ကြားဖူးထားတာတွေကို အရပ်စကားနဲ့ ပြန်ပြောကြည့်ချင်တာပါ။

*

mgyoe.com

mgyoe.com

## ဆက်ရေးချင်တဲ့အထဲက စာမြည်း

'ကျွန်တော် အက်တမ် (Atom) နဲ့ ပတ်သက်ပြီး ဒီလို တွေးမိပါတယ်။ ဒီမိုခရိတပ်က ခွဲစိတ်၍မရတော့သော အရာကို Atomos (Atom) လို့ ပြောခဲ့ပါတယ်။ ခရစ် ၁၈ ရာစု သိပ္ပံပညာရှင်တွေက ခွဲစိတ်လို့မရတော့ဘူး လို့ ထင်တဲ့အမှုန်ကို (Atom) လို့ နာမည်ပေးလိုက်ပါတယ်။ နောက် ၁၉ ရာစုနဲ့ ၂၀ ရာစုမှာ Atom ကို ထပ်ခွဲစိတ်ကြည့်ကြတယ်။ အီလက်ထရွန်၊ နျူထရွန်၊ ပရိုတွန်၊ Quark စသဖြင့် ထပ်ခွဲလို့ရတယ်လို့ ပြောကြတယ်။ ဒါဖြင့် 'ဒီမိုခရိတပ်' မှားသလား။ ကျွန်တော်ကတော့ ဒီမိုခရိတပ် မမှားဘူး၊ မှားတာက ၁၈ ရာစု သိပ္ပံပညာရှင်များပါပဲ။ ဒီမိုခရိတပ်က ဒီလို ပြောတာပါ။ Atom is indivisible ထပ်မံခွဲစိတ်၍ မရသော အရာကို 'Atom' ဟု ခေါ်သည်။ သည်တော့ ကျွန်တော် အောက်ပါညီမျှခြင်းကလေးကို ထုတ်ကြည့်ပါတယ်။

$$\text{Atom} = \text{indivisible}$$

$$\therefore \text{Indivisible} = \text{Atom}$$

$$\therefore \text{Divisible} \neq \text{Atom}$$

ခွဲစိတ်လို့ရနေသေးသမျှ အက်တမ် မဟုတ်ဘူး။ ဒါကြောင့် အခု

mgyoe.com

mgyoe.com
ရူပဗေဒနဲ့ သိပ္ပံပညာက သတ်မှတ်ထားတဲ့ Atom ဆိုတာ ဒီမိုခရိတပ် (Democritus) ပြောတဲ့ 'Atomos' (Atom) မဟုတ်ဘူး။ ခွဲစိတ်လို့ ရနေသေးသမျှ Atom မဟုတ်သေးဘူး။

ကျွန်တော်က အဲသလိုငြင်းချက်ထုတ်ရင် လူကြီးမင်း လက်ခံနိုင်ပါ့မလား။ စိတ်ဝင်စားသပဆိုရင်တော့ ဆက်ဆွေးနွေးကြတာပေါ့ဗျာ။

*

mgyoe.com

mgyoe.com

## ကျွန်တော့်ကို 'ဆော်' ဖို့ အကွက်တွေ မြင်လာမှာပါ

ဖလော်ဆော်ဖီအကြောင်းကို အပျင်းပြေဖတ်ဖို့လို့ ရေးတော့ တချို့က ဖလော်ဆော်ဖီဆိုတာ အပျင်းပြေဖတ်ရတဲ့ စာမျိုးလားလို့ ငြင်းချက်ထုတ်ချင် ကြပါလိမ့်မယ်။

ကျွန်တော့်သဘောထားကတော့ ရိုးရိုးရှင်းရှင်းလေးပါ။ ကျွန်တော့်ဆရာတွေဖြစ်တဲ့ ဒေါက်တာ 'ဦး' ခင်မောင်ဝင်း၊ ဒေါက်တာ ဦးသန်းနိုင် အစရှိတဲ့ ဖလော်ဆော်ဖီ ပညာရှင်ကြီးတွေက ကျွန်တော့်ကို ရိုးရိုးရှင်းရှင်း ပြောပြဖူးပါတယ်။ ဆရာကြီး ဒေါက်တာဦးခင်မောင်ဝင်း (ရန်ကုန်တက္ကသိုလ် ဒဿနဗေဒ ဂုဏ်ထူးဆောင် ပါမောက္ခ) က 'ခင်ဗျားက လော့ဂျစ်တို့၊ ဖလော်ဆော်ဖီတို့ကို လူများများ အသုံးချလို့ရအောင် ကြိုးစားတာ ကျွန်တော် သိပ်ဝမ်းသာတယ်ဗျာ။ တကယ်က လူတွေအားလုံးဟာ နေ့တိုင်း တွေးနေကြတာပဲ။ နေ့တိုင်း လော့ဂျစ်တို့၊ ဖလော်ဆော်ဖီတို့ကို သုံးနေကြတာပဲ။ ဒါပေမဲ့ သူတို့သုံးနေတာက လော့ဂျစ်ပါ၊ သူတို့တွေးနေတာ ဖလော်ဆော်ဖီပါလို့ သတိမထားမိကြဘူး။ ခင်ဗျားက· အဲသလို သတိထားမိအောင် ရေးတဲ့အတွက် ကျွန်တော် ဝမ်းသာတယ်ဗျာ' လို့ ပြောပါတယ်။

ဒီလိုပဲ ဆရာ ဒေါက်တာဦးသန်းနိုင်နဲ့ စကားစမြည်ပြောရင်း

mgyoe.com

mgyoe.com
ကျွန်ဇတော် ဒီလိုရေးနေမိတယ်လို့ ပြောတော့ 'အေး.... ကောင်းတာပေါ့ကွ။ ငါတော့ အဲဒီခေါင်းလေးတဲ့ကိစ္စတွေ သိပ်မစဉ်းစားတော့ဘူး။ ပျော်ပျော်ပဲ နေတယ်။ အသက်လည်း နည်းနည်းရပြီကွ။ တကယ်တော့ လောကကြီးက ရိုးရိုးရှင်းရှင်းပဲ၊ လူတွေကသာ ရှုပ်နေတာ' လို့ ပြောတယ်။

ကျွန်တော်က ကျွန်တော့် ဆင်ခြင်နည်းတစ်ခုကို ပြောပြတယ်။ ကျွန်တော် ဘာကြောင့်အလုပ်လုပ်သလဲ။

– လူများသည် အလုပ်လုပ်ကြရ၏။ (မှန်) အလုပ်မလုပ်ရင် ငတ်လိမ့်မယ်။
– မောင်ဝဏ္ဏသည် 'လူ' ဖြစ်၏။ (ဒါတော့ မုချမှန်လိမ့်မယ်ထင်ပါရဲ့)
– ထို့ကြောင့် မောင်ဝဏ္ဏသည် အလုပ်လုပ်၏။ (မှန်)

အဲဒီလိုပြောပြတော့ ဆရာ ဒေါက်တာ ဦးသန်းနိုင်က တဟားဟား ရယ်ပြီး 'မင်းက အဲသလိုမျိုး ရေးတာလား။ ကောင်းတယ်ကွ။ အဲဒီလို ပေါ့ပေါ့ပါးပါးဆို ရေးသာရေး၊ ဟိုလူသည်လူတွေလျှောက် တိုင်ပင်မနေနဲ့။ စာရင်း ရှုပ်ကုန်မယ်။ ထင်တာသာရေးကွာ။ မှားတယ်လို့ ထင်တဲ့လူက ငြင်းလိမ့်မယ်။ အဲဒါတွေ ပြန်ငြင်းမနေနဲ့တော့။ ဖတ်တဲ့သူ ကြိုက်သလို စဉ်းစားပေစေ။ မင်းက ရိုးရိုးဖြောင့်ဖြောင့် ရေးဖို့ပဲ။ ဒါပဲ။ မင်းကို ငါ ဟာသတစ်ခုပြောပြမယ်'(ဒေါက်တာ သန်းနိုင်) ဆိုတာ လက်ရွေးစင် ဟာသ ပဒေသာ အတွဲ ၁၆ တွဲ ရေးသားထုတ်ဝေပြီးသား (မောင်ကောင်းထိုက် (နီးပဒေါ) ဆိုတဲ့ ပုဂ္ဂိုလ်ပါပဲ။ နိုင်ငံတကာ အထူးသဖြင့် ရုရှားဟာသတွေ လိုမ့်ရေးနေပါတယ်) သူ့ဟာသက ဒီလိုပါ။ အားလုံးကြားဖူးပြီးသားပါ။

စိတ်ကျန်းမာရေးဆေးရုံတစ်ခုမှာ လူနာတစ်ယောက်က ဆရာဝန်ကို လာပြောတယ်။

"ဆရာ၊ ကျွန်တော်နဲ့ တစ်ခန်းတည်းနေတဲ့ကောင်တော့ သွက်သွက် ခါအောင် ရူးသွားပြီ"

"ဘာဖြစ်လို့လဲ"

"သူ့ကိုယ်သူ နပိုလီယံတဲ့။ ဒီကောင် နပိုလီယံအစစ်မှ မဟုတ်ဘဲ"

"နပိုလီယံ အစစ်က ဘယ်သူလဲ"

"ကျွန်တော်ပေါ့"

"အဲသလိုပဲကွ။ အားလုံး နပိုလီယံတွေချည်းပဲ။ မင်းလည်း မင်းကိုယ်
mgyoe.com

m.gyoe.com


မင်း နပိုလီယံလို့ မှတ်ထားလိုက်ပေါ့ကွာ။ ဟား ဟား ရှင်းသွားရော"

ဒါနဲ့ ကျွန်တော်က "ဆရာ့ ရှေ့ပိုင်းဟာသက လူတော်တော်များများ သိပြီးပြီ။ နောက်ဆုံးဟာသက ပိုကောင်းတယ်။ ကျွန်တော့်ကိုယ် ကျွန်တော် နပိုလီယံလို့ မှတ်ထားလိုက်ရင် ပြီးသွားတာပဲ။ နောက်တစ်ခုက အဲဒီ ဟာသကို ကျွန်တော် နည်းနည်းဆက်ချင်တယ်"

"ဆက်ကွာ"

ကျွန်တော်က ဒီလို ဆက်လိုက်ပါတယ်။

စိတ်ကျန်းမာရေးဆေးရုံတစ်ခုမှာ ဆရာဝန်ကို လူနာတစ်ယောက်က....

လူနာ ။ ။ "ဆရာ.... ဟိုကောင်က သူ့ကိုယ်သူ နပိုလီယံတဲ့"

ဆရာဝန် ။ ။ "ဟာ.... တော်တော်ဆိုးတာပဲ"

လူနာ ။ ။ "နပိုလီယံအစစ်က ဒီကောင်မှ မဟုတ်ဘဲ"

ဆရာဝန် ။ ။ "ဒါဖြင့် နပိုလီယံအစစ်က ဘယ်သူလဲ"

လူနာ ။ ။ "ဆရာပေါ့"

ဆရာဝန် ။ ။ "ဟုတ်လား၊ ဒါဆို ရှုရှားကို သိမ်းလိုက်တော့"

လူနာ ။ ။ "ဒါတော့ မဖြစ်နိုင်ဘူး"

ဆရာဝန် ။ ။ "ဘာဖြစ်လို့လဲ"

လူနာ ။ ။ "ကျွန်တော်က ဇာဘုရင်လေ"

ဆရာ ဒေါက်တာဦးသန်းနိုင်က ဟက်ဟက်ပက်ပက် ရယ်ပြီး "ဟေး.... မင်းကိုယ်မင်း ဇာဘုရင်လို့ မှတ်ချင်လည်း မှတ်လိုက်ပေါ့ကွာ။ 'အလက်ဇန္ဒား သဂရိတ်'လို့ မှတ်ချင်လည်းမှတ်လိုက်ကွ။ 'ပီတာ သဂရိတ်' လို့ ထင်ချင်လည်းထင်။ တစ်ခုပဲ သတိထားကွ။ 'မင်းကိုယ်မင်း ကက်သရင်း ဘုရင်မကြီး' လို့တော့ မထင်လိုက်နဲ့။ အဲဒါတစ်ခုပဲ သတိထား။ ဖုန်းကညာ တစ်ပါး လုံးရာက ပြားသွားဦးမယ်။ ဟားဟား.... မင်းမိန်းမ 'ချိုရီ' ကို 'ကက်သရင်း ဘုရင်မကြီး' လို့ မှတ်။ သူ့အမိန့်နာခံ၊ ပိုကောင်းသေး"

ဆရာကြီးတွေရဲ့ အဲသလို အားပေးမှုရတော့ ကျွန်တော့်မှာ အင်တွေ အားတွေ ပြည့်လာပါတယ်။ (ဒါပေမဲ့ ကျွန်တော် တွေးတာရေးတာတွေ မနိပ်ရင်၊ ညံ့ရင် ကျွန်တော့် ဆရာ၊ ဆရာမတွေနဲ့ ဘာမှမဆိုင်ပါဘူး။ ကျွန်တော် ဖတ်ဖူး၊ မှတ်ဖူးတဲ့ စာအုပ်တွေနဲ့လည်း ဘာမှမဆိုင်ပါဘူး။

m.gyoe.com

mgyoe.com


ကျွန်တော် 'ချာတူးလန်' လို့ပဲလို့ မှတ်ယူတော်မူကြပါ)

တစ်ခါတုန်းက ဆရာကြီးဇော်ဂျီရဲ့ သွန်သင်မှုတစ်ခုကို အမှတ်ရပါတယ်။ ဆရာကြီးက "ကျွန်တော်တို့ဟာ ခုအသက်အရွယ်ထိ ဟိုဆရာကြီးက ဘာပြောတယ်၊ ဒီဆရာကြီးက ဘာပြောတယ်ဆိုတာတွေပဲ ရေးနေကြတယ်။ ကျွန်တော်က ဘာပြောသလဲဆိုတာ မပါသေးဘူးဗျာ။ ကျွန်တော့်ကိုယ်ပိုင်အတွေးကိုရေးဖို့ ကြိုးစားရဦးမှာပဲ" တဲ့။ (ဒါပေမဲ့ ဆရာကြီးဇော်ဂျီရဲ့ 'ဗေဒါလမ်း' ကဗျာစုဟာ ဘယ်နိုင်ငံတကာ ကမ္ဘာကျော်ဆိုတဲ့ ဘယ်ဆရာတွေမှ မတွေးဖူးသေးတဲ့ ဆရာကြီးဇော်ဂျီရဲ့ ဖလော်ဆော်ဖီအစစ်လို့ ကျွန်တော် ခံယူပါတယ်) ဆရာကြီးက ကျွန်တော့်လို မလောက်လေး မလောက်စား ကောင်လေးကို 'ခင်ဗျား၊ ကျွန်တော်' နဲ့ပြောတော့ ကြက်သီးထမိအောင် တုန်လှုပ်ရပါတယ်။ ကျွန်တော် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နဲ့ ရှေးဟောင်းသုတေသနဌာနတွေမှာ စာအုပ်တွေ လျှောက်မွှေနေတဲ့ အချိန်လောက်ကပေါ့ဗျာ။ ဆရာကြီးဇော်ဂျီက ကျွန်တော့်ကို နှစ်ယောက်တည်းတွေ့တုန်း ပြောဖူးတဲ့စကားကို တစ်လုံးမကျန် မှတ်မိနေပါတယ်။ ဆရာကြီးဇော်ဂျီက ကျွန်တော် ပင်ပန်းတကြီး မောလို့မောမှန်းမသိ၊ ဆာလို့ ဆာမှန်းမသိ စာအုပ်တွေ၊ ရှေးဟောင်း နံရံပန်းချီတွေ လိုက်ရှာလိုက်ကူး လုပ်နေတဲ့အချိန်၊ ဆရာကြီးကို မေးစရာ (ပညာယူစရာ)ရှိလို့ အိမ်အထိ လိုက်သွားတယ်။ မောလာတဲ့ ကျွန်တော့်ကို ဆရာကြီးဇော်ဂျီက သူ ကြိုက်တတ်တဲ့ လစ်ပတန် လက်ဖက်ရည်လေးတိုက်ပြီး ဖြေစရာရှိတာဖြေတယ်။ ပညာရှင်ကြီးတွေဟာ ရိုးသားဖြောင့်မတ်ကြပါတယ်။ ကျွန်တော့်မေးခွန်းက ရှေးဟောင်းသုတေသနနဲ့ ဆိုင်တယ်။ ဆရာကြီးက အဲဒါတွေ နောကျေပြီးသား။ ဒါပေမဲ့ 'အဲဒါ ရှေးဟောင်းသုတေသနနဲ့ ဆိုင်တယ်ဗျ။ ကျွန်တော် ကိုညွန့်ဟန်ဆီ စာရေးပေးလိုက်မယ်။ အဲဒီမှာ သွားမေးပါဗျာ။ ပိုပြီးတိကျတာပေါ့' လို့ပြောပြီး မောမှန်း၊ ဆာမှန်း မသိ ဖြစ်နေတဲ့ ကျွန်တော့်ကို အိမ်တံခါးဝ သံဘာဂျာတံခါးလေးနားထိ လိုက်ပို့ရင်း 'ကိုဝဏ္ဏရဲ့၊ ဥစ္စာရှုးနဲ့စာရင် စာရူးပေရူးက တော်သေးတာပေါ့ဗျာ' တဲ့။ ကျွန်တော် အသေမှတ်ထားလိုက်ပါတယ်။

ခု စာရူးပေရူး ကျွန်တော်က ကျွန်တော့် အရူးလွယ်အိတ်ထဲမှာ

mgyoe.com

mgyoe.com


တွေ့သမျှ ကောက်ထည့်ထားတာတွေ ရေးပါရစေ။ တချို့ဟာ အမှိုက်စုတ်တွေ၊ ပုလင်းကွဲတွေ ဖြစ်ချင်ဖြစ်နေပါလိမ့်မယ်။ တချို့ စိန်ရွှေရတနာမှန်းမသိဘဲ ပြောင်လက်လက်မို့ ကောက်ထည့်မိတာ ဖြစ်ချင်ဖြစ်နေပါလိမ့်မယ်။ စာဖတ်သူ လူကြီးမင်းအနေနဲ့ အမှိုက်လို့ ထင်တာတွေ လွှင့်ပစ်လိုက်ပါ။ ပြောင်ပြောင်လက်လက်နဲ့ အဖိုးတန်တယ်လို့ 'ထင်' တာတွေတော့ အသုံးတည့်မယ်ဆိုရင် ယူလိုက်ပေါ့ဗျာ။ တစ်ခါတလေ အမှိုက်၊ ဒါမှမဟုတ် သံတိုသံစတွေဟာလည်း အသုံးချတတ်တဲ့သူအတွက် အဖိုးတန်နေပါလိမ့်မယ်။ (တစ်ခါတုန်းက ဒဂုန်စက်မှုဇုန် 'ကြက်တန်း'မှာ မွေရင်း ဂျာမနီလုပ်မူလီနဲ့ နပ်ကလေးသုံးစုံ ရဖူးပါတယ်။ သုံးစုံပေါင်းမှ လေးဆယ်ပဲ ပေးရတယ်။ ဒါပေမဲ့ အဲဒီမူလီနဲ့ နပ်ဟာ ကျွန်တော်တို့သုံးနေတဲ့ Arriflex ရုပ်ရှင်ရိုက်စက်ရဲ့ အရေးကြီးတဲ့ တစ်နေရာမှာ သုံးရတာပါ။ ဂျာမနီကို အဲဒီ မူလီနဲ့နပ် လှမ်းမှာလို့ ရမှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့စက်နဲ့ပတ်သက်ပြီး အရေးတကြီး ပစ္စည်းတစ်ခုလိုလို့ လှမ်းစုံစမ်းတယ်။ ဂျာမနီ ကုမ္ပဏီက ပြန်စာက "No More Production" အဲဒါမျိုး မထုတ်လုပ်တော့ပါဘူးတဲ့ ခင်ဗျား။)

ပြောနေ စကားကြောရှည်ပါတယ်ဗျာ၊ ဖလော်ဆော်ဖီအကြောင်း စဆွေးနွေးရအောင်ပါ။

ဖလော်ဆော်ဖီဆိုလို့ ကြီးကြီးကျယ်ကျယ်ကြီးလို့ မထင်လိုက်ပါနဲ့ဗျာ။ ရိုးရိုးရှင်းရှင်းလေးပါ။

ဖလော်ဆော်ဖီဆိုတာ ဘာလဲ။

Philosophy ဆိုတဲ့ဝေါဟာရက အင်္ဂလိပ်ဝေါဟာရ မဟုတ်ပါဘူး။ မူရင်းက ဂရိစကားပါ။ Philosophia တဲ့။ 'Love of Wisdom' အသိဉာဏ်ပညာကို မြတ်နိုးခြင်းလို့ အနီးစပ်ဆုံး မြန်မာပြန်နိုင်ပါတယ်။ 'ဒဿနဗေဒ' လို့ 'ပညတ်' ထားပါတယ်။ ပညတ်ဆိုကတည်းက ပရမတ္တသဘောမဆောင်ပါဘူး။

ဒါဖြင့် ဖလော်ဆော်ဖီသင်တဲ့လူ ဖလော်ဆော်ဖီ ဆရာတွေမှသာ အသိပညာကို မြတ်နိုးကြတာလား။ ဘယ်ဟုတ်ပါ့မလဲ။ လူတိုင်းလူတိုင်းတွေးတောဆင်ခြင်ကြတာပဲ။ လူတိုင်းမှာ ကိုယ့်ဖလော်နဲ့ကိုယ် ရှိကြတာပါပဲ။

mgyoe.com

mgyoe.com


(ယေဘုယျ) အများအားဖြင့် မှန်တာ ဖြစ်ချင်ဖြစ်လိမ့်မယ်။ ဒါမှမဟုတ် အတွေးမှားကြီး ဖြစ်ချင်ဖြစ်လိမ့်မယ်။ ဖလော်ဆော်ဖီကျတော့ ပညာရပ်တစ်ခုအဖြစ် သတ်မှတ်ထားတဲ့အတွက် စနစ်တကျ ဆင်ခြင်စဉ်းစားပြီး ကောက်ချက်ချ အဖြေထုတ် တွေးထားတာတွေကို အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ဖော်ပြ။ ငြင်းချက်မှန်သမျှ ကိုယ့်ဘက်က ထောင့်စေ့အောင် ပြန်ရှင်းပြ။ သဘောမတူရင်လည်း မတတ်နိုင်ဘူး။

(ဖလော်ဆော်ဖီမှာ လွတ်လပ်စွာသဘောကွဲလွဲခွင့် 'အပြည့်အဝ'ရှိပါတယ်)

ကောင်းပါပြီ။ ဒီတော့ ဖလော်ဆော်ဖီဟာ စဉ်းစားဆင်ခြင်ခြင်းနဲ့ စရပါတယ်။ ဒါပေမဲ့ တောင်စဉ်းစား၊ မြောက်စဉ်းစား လျှောက်တွေးနေရုံနဲ့ 'ဖလော်' တစ်ခု ဖြစ်မလာပါဘူး။ အကြောင်းအကျိုးကို စနစ်တကျ ဆက်စပ်စဉ်းစားမှ 'ဖလော်' တစ်ခု ဖြစ်လာပါတယ်။

ဒီတော့ ဖလော်ဆော်ဖီရဲ့ အစပိုင်းဖြစ်တဲ့ လောဂျစ်အကြောင်းက စရပါလိမ့်မယ်။ 'လောဂျစ်' ဆိုလို့ ကြီးကျယ်တယ် မထင်ပါနဲ့ဗျာ။ သူက လည်း ရိုးရိုးရှင်းရှင်းလေးပါ။

စနစ်တကျဆင်ခြင်ရင် လောဂျစ်ဖြစ်သွားတာပါပဲ။ ဥပမာလေးနဲ့ ဆိုရင် ရှင်းပါလိမ့်မယ်။ နေ့တိုင်း ဈေးဝယ်ထွက်နေရတဲ့ ကိုယ့်ဇနီးကို ညာတာတဲ့အနေနဲ့၊ ဒါမှမဟုတ် 'ဖား' တဲ့အနေနဲ့ အလုပ်အားရက် တနင်္ဂနွေလို နေ့မျိုးမှာ ဈေးသွားဝယ်ပေးမယ် ဆိုပါတော့။ စ စဉ်းစားရမှာက ဈေးသွားပြီး ဘာဝယ်မလဲဆိုတဲ့ကိစ္စပဲ။ အဲဒါ ကျွန်တော်တို့ ယောကျ်ားတွေ မကျွမ်းကျင်ဘူး။ သေသေချာချာ မသိဘူး။ ဒီတော့ ရိုးရိုးပဲ ကိုယ့်မိန်းမဆီမှာ 'အမိန့်နာခံ' လိုက်တာပေါ့။ 'ဘာဝယ်ခဲ့ရမလဲ'။ ဒီတော့ မိန်းမက ပြောမယ်။ "ကလေးတွေက ငါးမုတ် ကြိုက်တယ်။ ငါးမုတ် ငါးဆယ်သား ဝယ်ခဲ့။ ငါးမုတ်မရရင် ဆိတ်သား နှစ်ဆယ်သားလောက်ဝယ်ခဲ့။ ချဉ်ရည်ဟင်းချက်ဖို့ မုန်လာပင်ပေါက် သုံးစည်းဝယ်ခဲ့။ အစည်းသေးရင် ငါးစည်းလောက်ဝယ်။ စိတ်ထင်ရာတွေ လျှောက်မဝယ်ခဲ့နဲ့။ ဆိတ်သားဝယ်ရင် တစ်ဆယ်သား ၃၈၀ ဈေးထက်ပိုရင် မဝယ်ခဲ့နဲ့။ ငါးခူ သုံးဆယ်သားလောက် ဝယ်ခဲ့။ ဒါပဲ"

ဒါဆို လေးစားစွာ အမိန့်နာခံပြီး ဈေးကို သွားရုံပါပဲ။

အဲဒါ ပြဿနာတစ်ရပ်ကို စဉ်းစားဆင်ခြင်ပြီး ကောက်ချက်တစ်ခု

mgyoe.com

mgyoe.com


ဆွဲချလိုက်တာပါ။ ကိုယ်တိုင်မကျွမ်းကျင်တဲ့ အချက်အလက်မှို့ ကျွမ်းကျင်သူ ပညာရှင်(အိမ်ရှင်မ) ဆီက အကူအညီ ယူလိုက်တာပါပဲ။ ကောက်ချက် အဖြေဟာ တန်းခနဲ ထွက်လာပါတယ်။ လောဂျစ်ဆိုတာ (ထုတ်ယူ) Deductive ဖြစ်ဖြစ်၊ (ခြုံယူ) Inductive ဖြစ်ဖြစ် အချက်အလက်တွေကို စုပြီး နောက်ဆုံး အဖြစ်နိုင်ဆုံး ဖြစ်တန်ရာအခြေ Probability အများဆုံး အဖြေကို ရှာယူတာပါ။ သိပ်ကြီးကျယ်တာကြီး မဟုတ်ပါဘူး။ နောက်ကျ တော့ အဲဒီ ဖြစ်တန်ရာအခြေတို့၊ ယေဘုယျပြုခြင်း Generalization တို့ အကြောင်း ပြောတာပေါ့ဗျာ။ လောလောဆယ် နားမရှုပ်အောင် ခပ်ရှင်းရှင်း လွယ်လွယ်နဲ့ပဲ စကြတာပေါ့။ (ရိုးရိုးဝန်ခံရရင် ကြီးကျယ်တဲ့ ပညာရပ်တွေကို ကျွန်တော်လည်း သိတာတတ်တာ မဟုတ်ပါဘူး။)

လူတွေဟာ တစ်ခါတလေကျရင် တောင်တွေးမြောက်တွေး လျှောက် တွေးနေတတ်ပါတယ်။ အဲဒါလည်း တစ်ခါတလေ လိုအပ်တာပဲ လေးနက် တဲ့ (ကတ္တရာပုံးတွေ) အကြောင်းချည်း စဉ်းစားနေရင် သွပ်ချောင်ချောင်ဖြစ် သွားမယ်။ ပေါ့ပေါ့ပါးပါးလေးတွေလည်း တွေးရတာပါပဲ။ (ငယ်ရည်စား အကြောင်း တွေးတာမျိုးပေါ့။ ပျော်စရာ ကောင်းသဗျ။ မိန်းမတော့ မသိစေနဲ့)

အဲ.... လောဂျစ်ကျတော့ ပြဿနာတစ်ခုရဲ့ အဖြေကို ရှာရတာပါတဲ့။ အဲသလို အဖြေရှာလို့ မရေမရာဖြစ်နေရင် ကောက်ချက်အဖြေကို ရိုးရိုးသားသား (Unknown) မသိပါလို့ အဖြေထုတ်ရပါမယ်။ မသိတာကြီးကို သိသလိုလို အိုယောင်ဝါး မလုပ်ရပါဘူး။ ဒါဟာ သတ်မှတ်ချက်ပဲ။ လောဂျစ်နဲ့ စဉ်းစား မယ်ဆိုရင် မသိရင် မသိဘူးလို့ ရိုးရိုးဖြေဖို့ သိပ်လိုအပ်ပါတယ်။ မြန်မာ့စကား စစ်စစ် ရှိပါတယ်။ 'မသိရင်မေး၊ မစင်ရင်ဆေး' တဲ့။ မသိတာကို တတ်ယောင် ကား မလုပ်ဘဲ တတ်ကျွမ်းနားလည်သူကို မေးလိုက်ပါ။ ရှင်းပါတယ်နော်။

ကောင်းပြီ။ ဘယ်လိုဆင်ခြင်ကြမလဲ။

လောဂျစ်ကို ပညာရပ်စကားအနေနဲ့ Science of the law of thought တဲ့ခင်ဗျ။ စဉ်းစားတွေးခေါ်ခြင်း၏ ဥပဒေသများကို လေ့လာတဲ့ ပညာဆိုပါတော့ဗျာ။

အဲဒါကို နေ့တိုင်း ကျွန်တော်တို့ သုံးနေကြပါတယ်။ ဥပမာ – ခုန ပြောသလို မိန်းမကို ဖားပြီး ဈေးသွားဝယ်ပေးတယ် ဆိုပါတော့ဗျာ။

mgyoe.com

mgyoe.com

ဈေးက တစ်မိုင်ကျော်ကျော်လောက် ဝေးတယ်ဆိုပါစို့။ ဘာနဲ့သွားမလဲ။ (ပြဿနာတစ်ခုရဲ့ အစပါ) သွားဖို့ နည်းလမ်းတွေ စဉ်းစားလိုက်ပေါ့။ (၁) ဘတ်စ်ကား စီးမယ်။ (၂) ဆိုက်ကားစီးမယ်။ (၃) ခြေကျင် လျှောက်သွားမယ်။ (၄) အရပ်ထဲက လူကြုံတစ်ယောက်ယောက်နဲ့ ဈေးမှာလိုက်မယ်။ ကိုယ်က လက်ဖက်ရည်ဆိုင် ခဏထိုင်ပြီး လေပစ်မယ်။ (အဲဒီ အမှတ် ၄ အချက်ကတော့ ကျွန်တော် လုပ်နေကျခင်ဗျ။ စမ်းသုံးကြည့်ပါ။ တလွဲဖြစ်လာရင် မိန်းမ ဆူတာခံဖို့ အဆင်သင့် ပြင်ဆင်ထားပါ)

၁။ ဘတ်(စ်)ကားစီးမလား။ ကျပ်သလား။ ဘတ်(စ်)ကားမှန်သမျှ ကျပ်တာချည်းပဲ။ တစ်ကိုယ်စာ မတ်တတ်ရပ်နိုင်ရုံဆို 'ချောင်' တယ်လို့ ဆုံးဖြတ်လိုက်ရုံပေါ့။

၂။ နံနက်စောစော ဆိုက်ကားလေး စီးသွားမလား။ မိန်းမ မသိအောင် တိုထားလျှိုထားတဲ့ ပီကေ (Pocket Money) ရှိသလား။ ဒါဆို ဆိုက်ကား စီးပြီး သက်သောင့်သက်သာ သွားလိုက်ပေါ့။

၃။ မနက်စောစော နေမပူသေးဘူး။ အလုပ်အားရက်မို့ ထမင်းဘူး အချိန်မီဖို့ကိစ္စ ပြဿနာမရှိဘူး။ ပိုက်ဆံကုန် သက်သာတယ်။ အညောင်းပြေတယ်။ ဒီလိုဆုံးဖြတ်ရင် လမ်းလျှောက်သွားလိုက်ပေါ့ဗျာ။

မလွယ်ဘူးလား။ အဲဒါ နေ့စဉ်သုံး လောဂျစ်တစ်ခုပါ ခင်ဗျား။ လောဂျစ်မှ ရိုးရိုးလောဂျစ်တောင် မကတော့ဘူး၊ သင်္ချာယုတ္တိဗေဒဆိုတဲ့ Mathematical Logic အထိ ရောက်နေပြီ။ မက်သမက်တီကယ် လောဂျစ် ဆိုလို့လည်း အကြီးကြီး မထင်ပါနဲ့ဦး။ ပြဿနာတွေကို သင်္ကေတ ပြုပြီး ဖော်မြူလာ ပုံသေနည်းလေးတွေ ထုတ်ထားတာ။ a,e,i,o-p-q-r-x-y S-P စတဲ့ သင်္ကေတလေးတွေနဲ့ အဖြေရှာတာပါပဲ။

အဲဒီထဲမှာ pvq ဆိုတာပါတယ်။ သဘောက p သို့မဟုတ် q ပေါ့။ တကယ်လို့ ခုနလို သုံးလေးချက်ဖြစ်နေရင် "pvqvrvs" "p" သို့မဟုတ် "q" သို့မဟုတ် "r" သို့မဟုတ် "s" ဒါပါပဲ။

p = ဘတ်(စ်)ကား၊ q = ဆိုက်ကား၊ r = လမ်းလျှောက်၊ s = လူကြုံနဲ့မှာ ဒါပါပဲ။ အဲဒီအထဲက ကြိုက်တာကို ရွေးနိုင်တယ်။ တစ်နည်း အားဖြင့် 'ရွေးခွင့်ရှိအဆို' လို့ ခေါ်ချင်လည်း ခေါ်လို့ရတယ်။ နည်းနည်း

mgyoe.com

mgyoe.com

ကြီးကျယ်တဲ့ စကားလုံး သုံးချင်ရင် Alternative Proposition လို့ နှိပ်ထည့်လိုက်၊ မမှားဘူးဗျို့။ ဒက်ထိမှန်တယ်။

လောဂျစ်နဲ့ ရည်းစားထားချင်သလား၊ ရပါသဗျ။ ရည်းစားထားတာလည်း နည်းနည်းလေး စဉ်းစားဆင်ခြင်လိုက်ရင် အိုကေသွားပါလိမ့်မယ်။ (အဲ.... ကျွန်တော် ကျောင်းတက်တုန်းက လောဂျစ်သုံးပြီး ရည်းစားထားကြည့်တာတော့ ကွဲတာမှပါကတ်တက်ခင်ဗျ။ဘယ့်နှယ်ဗျာ၊ ညရှစ်နာရီလောက် မှောင်နဲ့မည်းမည်းနေရာကို နှစ်ယောက်တည်းသွားခွင့်ရခဲ့တယ်။ ကျွန်တော်က ငါဟာ သူ့ကို မြတ်မြတ်နိုးနိုးချစ်တာ။ အခွင့်အရေးသမား မဟုတ်ဘူး။ ဒါကြောင့် မှောင်နဲ့မည်းမည်းမှာ ငါ သူ့ကို မဖက်ဘူး။ ဒီနားကျင်း၊ ဟိုနားချိုင့်၊ ဒီမှာ ခလုတ်၊ ဟိုမှာသစ်မြစ် စသဖြင့် လက်ကလေးပဲကိုင်ပြီး လမ်းပြသွားခဲ့တယ်။ အဲဒီလောဂျစ်ကြီးက အမှားကြီး။ အခွင့်အရေးကို အသုံးမချတတ်တာ။ ဒီလိုကောင် မကွဲရင် ဘယ်သူကွဲမှာတဲ့လဲဟ) အဲသလို ငတိက လောဂျစ်နဲ့ ရည်းစားထားကြည့်ပါလားလို့ အကြံပေးတော့ ကျွန်တော့်အဖေ (ဦး) သာဓုရဲ့ ကိုယ်ပိုင်အတွေးတစ်ခုကို သတိရတယ်။ 'ဆံပင်ညှပ်ဆရာဟာ သူ့ဆံပင်သူညှပ်လို့ မရဘူး'တဲ့။ (ဖေဖေက အိမ်ထောင် ရေး အဆင်ပြေအောင် ဝတ္ထုတွေဖွဲ့ပြီး ရေးခဲ့တယ်။ ဖေဖေ ကိုယ်တိုင်ရဲ့ အိမ်ထောင်ရေးကျတော့ အဆင်မပြေရှာဘူး။)

(လောဂျစ်နဲ့ ရည်းစား ထားချင်သပဆိုရင် SiP ဆိုတာလေး သုံးလိုက်ပေါ့ဗျာ။ SiP ဆိုတာက ခုနသချ်ာယုတ္တိဗေဒရဲ့ ကကြီး ခကွေးပဲ။ အချို့သော S များသည် P ဖြစ်ကြ၏တဲ့။ S မှာ ဘာထည့်မလဲ။ P မှာ ဘာထည့်မလဲ။ ထည့်ချင်တာ ထည့်လို့ရတယ်။ (အချက်အလက် မှန်၊ မှားနဲ့ ပုံသဏ္ဌာန် မှန်၊ မှားကိစ္စလေးရှိတယ်။ နားမရှုပ်စေချင်လို့ မရေးတော့ပါဘူး)

ရည်းစားထားချင်တယ် ဆိုပါစို့ဗျာ။ ယောကျ်ားလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် ကိုယ်ကြိုက်တဲ့ ချစ်နိုင်တဲ့သူ၊ ကိုယ်ရွေးချယ်မယ့်သူမှာ ရှိသင့်တယ်လို့ယူဆထားတဲ့ အချက်တွေကို စာရွက်တစ်ရွက်ပေါ် ချရေးလိုက်ပါ။ အပျင်းပြေပေါ့။ (၁) ရုပ်ချော (ရင်ခုန်ဖို့ကောင်းရမယ်။ အချစ်မှာ ရင်မခုန်ရင် ပျင်းစရာကြီး)၊ (၂) ချမ်းသာကြွယ်ဝ၊ (၃) ပညာတတ်၊

mgyoe.com

mgyoe.com


(၄) အကျင့်စာရိတ္တကောင်း (HIV မရှိရ)၊ (၅) ယောကျ်ားပီသရမယ်၊ မိန်းမပီသရမယ် (အဲဒီစံနှုန်းတွေကိုတော့ ကိုယ့်ဘာသာစဉ်းစားပါတော့)၊ ၆၊ ၇၊ ၈၊ ၉ စသဖြင့် စဉ်းစားလို့ ရသမျှ ရေးချလိုက်ပါ။ ပိုက်ဆံတစ်ပြားမှ မကုန်ပါဘူး။ ပြီးတော့မှ အဲဒီထဲက အရေးကြီးဆုံး အချက်တွေကို ပြန်စစ်ကြည့်။ (၁) ရုပ်ချော၊ (၂) ချမ်းသာ၊ (၃) အကျင့်စာရိတ္တကောင်း HIV Neg: အဲသလို အချက်အလက်ရရင် ကိုယ်နဲ့နီးစပ်တဲ့အထဲ အရင်ရှာကြည့်။ တွေ့ကောင်းတွေ့မယ်။ မတွေ့လည်း စိတ်မပူပါနဲ့။ ကမ္ဘာပေါ်မှာ ယောကျ်ားပေါင်း (သို့မဟုတ်) မိန်းမပေါင်း သန်းပေါင်းသုံးထောင်ဝန်းကျင်ရှိပါတယ်။ သန်းတစ်ထောင်ကျော်ဟာ လူပျို၊ ဒါမှမဟုတ် အပျိုတွေ။ သန်းတစ်ထောင်နီးပါးရှိတဲ့ အပျို ဒါမှမဟုတ် လူပျို (အိမ်ထောင်မရှိသူ) တစ်ခုလပ်၊ မုဆိုးမ၊ မုဆိုးဖိုတွေလည်း ထည့်တွက်လို့ရတယ်။ ခွင့်လွှတ် နိုင်ရင်ပေါ့။

ကျွန်တော်တို့ မြန်မာပြည်မှာ လူပျို သို့မဟုတ် အပျို (အိမ်ထောင်မရှိသူတွေပါ အပါအဝင်) ဆယ်သန်းဝန်းကျင်ရှိတယ်။ ဆယ်သန်းထဲက ရွေးရမှာ ရွေးစရာတွေ အများကြီး။ တစ်သက်မှာ တစ်ယောက်ပဲ ချစ်တယ်ဆိုတာ ကျွန်တော်တော့ သိပ်မယုံဘူး။ ကျွန်တော်ကိုယ်တိုင် မိန်းကလေး သုံး လေးယောက်လောက်ကို ချစ်ဖူးတယ်။ (သူတို့က ကျွန်တော့်ကို ချစ်၊ မချစ် ခုထိ မသေချာဘူးခင်ဗျ) အိမ်ထောင်ကျတော့ အဆင်ပြေဆုံးဖြစ်တဲ့ ကျွန်တော်ချစ်တဲ့ မိန်းကလေးနဲ့ ယူလိုက်တယ်။

(၁)ကျွန်တော့်မိန်းမ (ငယ်ငယ်က) လှတယ်။ (ကျွန်တော်ထင်တာ) ပြီးတော့ (၂) အိမ်ထောင်ထိန်းသိမ်းတတ်တယ်။ (ကျွန်တော်ထင်တာ) တကယ်က ကျွန်တော်နဲ့ညားမှ ထမင်းဟင်း စချက်ဖူးတာဗျ။ သူ့မိဘနဲ့ အစ်မအိမ်နေတုန်းက မီးပူလေး တိုက်ရုံပဲ။ သူ့အစ်မက အားလုံးချက်ပြုတ်ကျွေးတာ။ နောက်တော့ အဆင်ပြေသွားတာပါပဲ။ (၃) ခေတ်ပညာတတ်တယ်။ (အံမယ်.... M.Econ Stats မဟာစီးပွားရေး တက်ဖူးသဗျ။ 'သီးဆစ်' အဆင့် မရောက်ဘဲ ကျွန်တော်နဲ့ညား။ နောက်တော့ ဖော်မြူလာ ဒရိုင်ဗေးရှင်းတွေတောင် မမှတ်မိတော့ဘူးတဲ့။ ဝင်ငွေ ထွက်ငွေ စာရင်းတောင် တစ်ခါတလေမှ လုပ်တယ်။ အိမ်ဆိုင်တော့ ရောင်းတတ်တယ်။ အိုကေပဲ)

အဲဒီတော့ SiP ဆိုတာလေးသုံးပြီး ရည်းစားထားလို့ရပါတယ်။ 'အချို့

mgyoe.com

mgyoe.com

သော ယောက်ျား၊ မိန်းကလေးများသည် မိမိနှစ်သက်သော အရည်အချင်း များနှင့် ပြည့်စုံ၏'

ထို့ကြောင့် ထိုအချို့သော ယောက်ျားလေး၊ မိန်းကလေးများအနက်မှ တစ်ယောက် (ဒါမှမဟုတ်လည်း သဘောပဲ) ကို ရည်းစားအဖြစ် အသိ အမှတ်ပြုမည်။

ကိုယ်လိုချင်တဲ့ အရည်အချင်းမျိုး ရှိ မရှိဆိုတဲ့ အချက်အလက်က တော့ မှန်၊ မှား သိအောင် ကြိုးစားရလိမ့်မယ်။ တချို့ယောက်ျားလေးတွေက ဟန်ဆောင်သိပ်ကောင်းတယ်။ မိန်းမမာယာ သဲကိုးဖြာလို့ ဆိုထားပေမဲ့ ယောက်ျားလေးတွေက ပိုပြီး မာယာများတယ်။ ကျွန်တော်က ယောက်ျား ဆိုတော့ အချင်းချင်းကိစ္စ သိပြီးသား။ သိပ်မဖြီးနဲ့။ သဘောပေါက်တယ်။

အဲဒီတော့ လွယ်မသွားဘူးလားဗျာ။ အနီးကပ် မိတ်ဆွေအဆင့်မှာ သူ့အကြောင်းတွေ၊ သူ့စိတ်ဓာတ်တွေကို သိအောင် ကြိုးစားကြည့်ရုံပဲ။ မိန်းကလေးတွေဟာ စိတ်ကောက်တတ်ကြတယ်။ ကျွန်တော်တော့ သဘော ကျတယ်။ စိတ်ကောက်မှ ချော့လို့ရတာကိုး။ ချော့လိုက်ရလို့ အေးဆေး ဖြစ်သွားရင် ဘယ်လောက်နိပ်သလဲ။ (ဒါလည်း လောဂျစ်ပဲ)

[၁] မိန်းမပျိုအများစုသည် စိတ်ကောက်တတ်၏။ သူသည် မိန်းမပျို ဖြစ်၏။ ထို့ကြောင့် သူသည် စိတ်ကောက်တတ်၏။ (ထုတ်ယူဆင်ခြင်ခြင်း)

[၂] ချစ်သူ (၁) စိတ်ကောက်၏။ (၂) စိတ်ကောက်၊ (၃) စိတ်ကောက်။ ထို့ကြောင့် ချစ်သူမိန်းကလေးများ စိတ်ကောက်ကြ၏။ (ခြုံယူဆင်ခြင်ခြင်း) ချစ်သူ စိတ်ကောက်သောအခါ ချော့ရခြင်းသည် နိပ်၏။ ကျွန်တော့်ချစ်သူ သည် တစ်ခါတစ်ရံ စိတ်ကောက်၏။ ထို့ကြောင့် သူ စိတ်ကောက်လျှင် ကျွန်တော် ချော့ရသောကြောင့် ပျော်၏။ (လောဂျစ်) ကဲ.... မှတ်ပလား။

ထင်မှားမြင်မှား ကိစ္စလည်း လောဂျစ်နဲ့ဖလော်မှာ ပါသဗျ။ ဥပမာ– မှောင်နေတဲ့နေရာမှာ အခွေတစ်ခွေတွေ့၏။ (၁) ကြိုးခွေ၊ (၂) မြွေ ဖြစ်နိုင်၏။ (၃) အခြားအရာတစ်ခုလည်း ဖြစ်နိုင်၏။ ချက်ချင်း အနားကပ်ရန် မသင့်။ အထောက်အကူ ပစ္စည်းရှာရမည်။ လက်နှိပ်ဓာတ်မီးမရှိ။ တုတ်တစ်ချောင်း အနားမှာ မရှိ။ ခဲတစ်လုံးရှိ၏။ ခဲနဲ့ပေါက်ကြည့်၊ မြွေဆိုရင် လှုပ်ရှားမယ်၊ ပါးပျဉ်းထောင်မယ်၊ မြွေပွေးဆိုရင် ဖျတ်ခနဲ ပေါက်လိုက်လိမ့်မယ်။ ဘာ

mgyoe.com

mgyoe.com
လုပ်ရှားမှုမှမရှိ၊ ကြိုးခွေဖြစ်နိုင်၏။ သို့ရာတွင် သတိထား၍ အနားကပ်ပါ။ မသေတသေ မြွေ ဖြစ်နိုင်ပါသေးတယ်။ လှုပ်တော့ မလှုပ်နိုင်တော့ဘူးပေါ့။ ကြိုးခွေသေချာရင် လိုသုံးမယ်သုံး ကောက်ယူသွားလိုက်ပေါ့။ မြွေသေဖြစ်နေရင် ခေါင်းကို ထပ်ထု။ မသေတသေ ဖြစ်မှာစိုးရတယ်။ မြွေသားစားချင်ရင် သေအောင်သတ်ပြီး ယူသွား။ ရွံရင် ကွင်းရှောင်သွား။ ဒါပါပဲ။ (အဲဒါ အသုံးချ လောဂျစ်ပါခင်ဗျား)

လူ့ဘဝခရီးမှာ အဲသလို နည်းနည်းလေး ဆင်ခြင်လိုက်တာနဲ့ အဆင်ပြေသွားနိုင်တာတွေ အများကြီးပါ ခင်ဗျား။ ပို့စ်မော်ဒန်တို့၊ နီယိုပို့စ်မော်ဒန်တို့ကို လောဂျစ်နဲ့ ဖလော်နဲ့ စဉ်းစားချင်သလား။ ရပါတယ်။

ပို့စ်မော်ဒန်ဆိုတာ အနုပညာပုံစံနဲ့ အနုစ်သာရတစ်ခုဖြစ်တယ်။

အနုပညာဆိုတာကြီးက သတ်သတ်ကြီးမဟုတ်ဘူး။ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ သိပ္ပံပညာ၊ နည်းပညာ အစရှိတာတွေ အားလုံးနဲ့ ဆက်နွယ်နေတယ်။ (မယုံဘူးလား၊ ထမင်းစားပွဲပြင်တာတောင် လှလှပပဖြစ်အောင် အနုပညာဒီဇိုင်းပညာနဲ့ ပြင်ဆင်ကျွေးနေကြသဗျ)

ဒါကြောင့် စီးပွားရေးစနစ်တစ်ခုမှာ ပို့စ်မော်ဒန်ကို အသုံးချချင်ရင် ရတယ်။ လူမှုရေးမှာလည်း ရတယ်။ နိုင်ငံရေးမှာလည်း ရတယ်။ ဘယ်မှာမဆို ရတယ်။ အသုံးချတတ်ဖို့ပဲ လိုတယ်။ အသုံးမချတတ်ရင်တော့ 'ဂေါက်တလွဲ' တွေ ဖြစ်ကုန်လိမ့်မယ်။ ချင့်သုံးလေ။ (တတ်ယောင်ကားနဲ့ 'ဒန်' နေကြတာတွေတော့ စာရင်းထဲ ထည့်မတွက်တော့ပါဘူး)

အခု ကျွန်တော်ရေးလိုက်တာ ပို့စ်မော်ဒန်တစ်ခုပဲ။ လက်မခံလည်း နေပေါ့ဗျာ။ ကျွန်တော်က အဲဒါတွေ သိပ်အရေးတကြီး မထားပါဘူး။

ကျယ်ကျယ်ပြန့်ပြန့် တိတိကျကျ ဆွေးနွေးချင်သပဆိုရင် ဆရာကြီးဇော်ဇော်အောင်တို့၊ ဆရာကြီးသစ္စာနီတို့ စသဖြင့် ဆရာကြီးတွေနဲ့ ဆွေးနွေးပါ။ လူကိုယ်တိုင်နဲ့မသိရင် စာရေး မေးမြန်းဆွေးနွေးပါ။ ဆရာတွေ တတ်သလောက်၊ ဖတ်ထားသလောက်တော့ ရေရေလည်လည် ရှင်းပြပါလိမ့်မယ်။ တစ်ခု သတိထားဖို့က အဲဒီဆရာကြီးတွေ ကိုယ်တိုင်ဟာ 'ပို့စ်မော်ဒန်' မဟုတ်ဘူး။ ပို့စ်မော်ဒန်ကို လေ့လာလိုက်စားနေတဲ့ ဆရာကြီးတွေပဲဖြစ်တယ်။ လွယ်လွယ်ပြောရရင် ဆရာဇော်ဇော်အောင်ရေးတဲ့ ဝတ္ထုတိုင်း၊ အက်ဆေး

mgyoe.com

mgyoe.com


တိုင်းကို ပို့စ်မော်ဒန်လို့ သတ်မှတ်လို့ မရဘူး။ ရေးချင်တာကို ရေးတာ။ (ပို့စ်မော်ဒန်ဖြစ်အောင် ရေးတာမဟုတ်ဘူး) သူ့ဘာသာသူ ပို့စ်မော်ဒန်ဖြစ်သွားလည်း မတတ်နိုင်ဘူး။ (ဆရာဇော်ဇော်အောင်ရဲ့ ပို့စ်မော်ဒန်ဆောင်းပါးတွေက အသိပေးတဲ့ ဆောင်းပါးတွေ)။ ကျွန်တော့် အယူအဆက အနုပညာလို့ ကြီးကြီးကျယ်ကျယ် ပြောနေကြတဲ့အလုပ်ဟာ ဘာမှ သိပ်ကြီးကျယ်လှတာမဟုတ်ဘူး။ ကိုယ်ဖန်တီးချင်တာတစ်ခုကို စည်းမျဉ်းဘောင်တစ်ခုထဲမှာ (အဆိပ်အတောက်မဖြစ်အောင် စသဖြင့် မိမိဘာသာ သတ်မှတ်ပြီး) ဖန်တီးလိုက်တာပါ။ အဲဒီအနုပညာလို့သတ်မှတ်တဲ့ဟာကြီးကို ခံစားသူက ဘယ်လောက်ခံစားနိုင်သလဲ။ ဘယ်သူမှ မခံစားနိုင်ရင် ဘာအနုပညာမှ မဖြစ်ဘူး။ (ကိုလံဘီယာတက္ကသိုလ် ဒဿနဗေဒပါမောက္ခ Dr. Irwin Edmand က အိမိုးရှင်း ခံစားမှုတစ်ခုခု ပေးနိုင်မှ အနုပညာတဲ့) ကျွန်တော့်ဖေဖေ (ဦးသာစု)က Art for Artsake ကိစ္စတုန်းက ဒီလိုပြောဖူးတယ်။ ‘Art for Artsake ဆိုရင် ကိုယ်ရေးတဲ့စာတွေ ကိုယ့်ဘာသာဖတ်ဖို့ နံရံမှာကပ်ထားလိုက်ပေါ့။ စာအုပ်ထုတ်မနေနဲ့။ Art for People's Sake ဆိုရင်လည်း ဖတ်တဲ့လူ ဖတ်ရကျိုးနပ်အောင်ရေးရင် ပြီးတာပဲ။ အရည်မရ၊ အဖတ်မရ သူ့ဘာသာသူ ‘ရှေးအကျဆုံး အသက်မွေး’ လုပ်စားနေတာ အလကားနေရင်း အရင်းရှင်စနစ်ကြီးကြောင့်လို့ စွတ် လက်ညှိုးထိုးနေတာ မဟုတ်သေးပါဘူးကွာ။ အဲဒါ အရင်းရှင်စနစ် မပေါ်ခင် ပဝေသဏီကတည်းက ပေါ်ခဲ့တဲ့ ရှေးအကျဆုံး အသက်မွေးဝမ်းကျောင်းပဲ။ ဘယ်က အရင်းရှင် စနစ်ဆိုးကြီးကြောင့် ဟုတ်ရမှာလဲ’ တဲ့။

ဒါ ဖေဖေ့အယူအဆပါပဲ (ဆရာမောင်နေမျိုး ပြန်ပြောပြတာ) ကြိုက်ချင်လည်း ကြိုက်ပါ။ မကြိုက်ချင်လည်း မကြိုက်ပါနဲ့။ ကျွန်တော် ပြောပါပကောလား။ ဖလော်ဆော်ဖီမှာ လွတ်လပ်စွာ သဘောကွဲလွဲခွင့်ကို အပြည့်အဝ ပေးထားပါတယ်လို့။

နေနတ်မင်း (ဆရာမောင်နေဝင်း၊ ဆရာနတ်နွယ်၊ ဆရာမင်းကျော်) တို့ရဲ့ ‘တော်လှန်စာပေ’ကို ဖေဖေ့ပေးဖတ်တော့ ဖတ်ကြည့်ပြီး ‘ဖတ်လို့တော့ ကောင်းသားကွ။ စာအရေးအသား ကောင်းတာကိုး။ ဒါပေမဲ့ ငါ နားမလည်ဘူး’ တဲ့။ ဖေဖေရှိသေးရင် ပို့စ်မော်ဒန်ကို ဘယ်လိုပြောမလဲ မသိဘူး။

mgyoe.com

mgyoe.com

ကောင်းပြီ။ ဒါဆို ကျွန်တော်တို့ ကောက်ချက်တစ်ခု ဆွဲလို့ရပါပြီ။

ပို့စ်မော်ဒန်ဆိုတာ အနုပညာဆိုင်ရာ ဝါဒဝာစ်ခုပဲ။ [ပို့စ်မော်ဒန်မှ မဟုတ်၊ ပို့စ်မော်ဒန်ကို 'အစ်မစ်တေးရှင်း' (ပုံတူကူး) တာကစပြီး ဘာညာ ဘာညာ အများကြီးပဲ] ပို့စ်မော်ဒန်ကို တခြားနေရာမှာလည်း သုံးတတ်ရင် သုံးလို့ရတယ်။

အနုပညာဝါဒတွေကို အနုရသပညာ Aesthetic: Philosophy of Art အဖြစ်နဲ့ လေ့လာတယ်။

ဒါကြောင့် ပို့စ်မော်ဒန်ဟာ ဖလော်ဆော်ဖီရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်။ ဖလော်ဆော်ဖီဟာ လူ့ဘဝမှာ အသုံးချလို့ရတယ်။ ဒါကြောင့် ပို့စ်မော်ဒန်ကို လူ့ဘဝမှာ အသုံးချလို့ ရတယ်။ ကဲ.... ဘာပြောချင်ပါသလဲ။ ပြောချင်တာ ပြောနိုင်ပါတယ် ခင်ဗျား။

အဲဒီလို ဖလော်ဆော်ဖီနဲ့ လောဂျစ်ကို အရပ်စကားနဲ့ ရေနွေးကြမ်းဝိုင်းမှာ ရောက်တတ်ရာရာ ပြောသလို ပြောကြည့်ချင်တယ်။ ပြောချင်တဲ့ အကြောင်းအရာတွေက 'ဒါတွေပါပဲ' လို့ ကျွန်တော့်ဆရာ ပါမောက္ခကြီး ဒေါက်တာ (ဦးခင်မောင်ဝင်း) ကို သွားတင်ပြတယ်။ ကျွန်တော် စိုးရိမ်တဲ့ အချက်က တစ်ချက်တည်း။

Philosophy ဆိုတာက တက္ကသိုလ် ကျောင်းတိုက်ကြီးတွေမှာ ခန့်ခန့် ညားညား နေရာယူပြီး မြိန့်မြိန့်ကြီး ထိုင်နေတဲ့ပုဂ္ဂိုလ်မျိုး၊ ကျွန်တော်က အဲဒီပုဂ္ဂိုလ်ကြီးနဲ့ ရင်းနှီးတော့ လမ်းဘေး ခွေးခြေပု လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်နဲ့အတူ လိုက်ထိုင်ပြီး ရောက်တတ်ရာရာပြောဖို့ ခေါ်လာသလို ဖြစ်နေတယ်။ အဲဒါ သင့်ပါ့မလားလို့ ဆရာကြီး ဦးခင်မောင်ဝင်းကို သွားတင်ပြတာပါ။ ဆရာကြီးက မူပိုင် (မှတ်ပုံတင်ပြီး) အပြုံးနဲ့ (အဲဒီအပြုံးကို ဆရာ့ ကွယ်ရာကျရင် ကျွန်တော်တို့က ပြုံးပြုံးပြတယ်။ ဆေးပြင်းလိပ်ရှည်လေး ခဲလို့ပေါ့။ အပီပြင်ဆုံးတူအောင် ပြုံးတတ်တဲ့ သူက 'ကိုတင်လှ'တဲ့။ ခု သတင်းစာဆရာကြီး ဆွေသန့်ကိုပေါ့ဗျာ။ 'ခွင့်လွှတ်လိမ့်မယ်လို့ ယုံကြည် ပါတယ် ဆရာကြီးခင်ဗျား') အဲ.... ဆရာကြီးရဲ့ ကိုယ်ပိုင်အပြုံးနဲ့ပြုံးပြီး 'သိပ်ဝမ်းသာတယ်ဗျာ။ အဲသလို ရေးစေချင်တာ၊ စာအုပ်ထုတ်မှာလား။ စာမူလေးလည်း ဖတ်ပါရစေ' တဲ့။ ကျွန်တော်က 'ဆရာ့အမှာစာကို

mgyoe.com

mgyoe.com

ကျွန်တော် သိပ်လိုချင်ပါတယ်။ ဒါပေမယ့် တစ်ခုတင်ပြပါရစေ။ မှားရင်လည်း ဆုံးမပါ။ ကျွန်တော်က ဆရာကြီးကို (ဒဿနဗေဒ ပါမောက္ခကြီး ဒေါက်တာ ဦးခင်မောင်ဝင်းကို) လူသားတိုင်းလို ကျွန်တော့်ရှေ့မှာ အကာအကွယ် မလုပ်ချင်ပါဘူးခင်ဗျာ။ ကျွန်တော့် ရေးပေါက်တွေညံ့ရင် ဆရာ့မျက်နှာနဲ့ တန်ရုံလူက ဝေဖန်မှာမဟုတ်ဘူးထင်တယ်။ ဒါကြောင့် မျက်ကန်းတစ္ဆေ မကြောက်ဘဲ ရေးပါရစေ။ ကျွန်တော့်ဆိုတော့ မလောက်လေး၊ မလောက်စားကောင်မို့ ပညာရှင်တွေရော၊ တခြားပုဂ္ဂိုလ်တွေကော အားမနာတမ်း ဝေဖန်ရှုတ်ချနိုင်ပါလိမ့်မယ်။ ကျွန်တော်က ဆရာကြီးတို့သင်ထားတဲ့အတိုင်း ဝေဖန်ဆွေးနွေးတာကို ပိုသဘောကျလို့ပါခင်ဗျား' ဒီတော့ ဆရာကြီးက ခဏလေးစဉ်းစားပြီး 'အေး....ဟုတ်တယ်ဗျ ခင်ဗျားပြောတာ ပိုကောင်းတယ်။ ဒါမျိုးက ဝေဖန်လေ၊ ဆွေးနွေးလေ ကောင်းလေပဲ။ တခြားပုဂ္ဂိုလ်တွေက ဝေဖန်လို့ သူတို့မှန်နေရင် လက်ခံလိုက်ပေါ့ဗျာ။ ခင်ဗျားက မှန်တယ်လို့ ထင်ရင်တော့ Defend လုပ်ဖို့ အဆင်သင့်လုပ်ထားရလိမ့်မယ်။ ကောင်းတယ်ဗျ'တဲ့။ ပြီးတော့ စာအုပ်တွေ ငှားလိုက်ပါတယ်။

(ပါမောက္ခ ဒေါက်တာ ဒေါ်တင်တင်ထွန်းနဲ့ ပါမောက္ခ ဒေါ်ရီရီမြင့်၊ (ဒုပါချုပ်) ဦးခင်မောင်ချို၊ ပါမောက္ခ ဦးအေးကျော်တို့ကလည်း စာအုပ်ငှားပါတယ်)

ကဲ.... အဲဒီတော့ ခုလောက်ရေးပြီးရင် ကျွန်တော့်ကို 'ဆော်' ဖို့အကွက်တွေ မြင်လာမှာပါ။ အားမနာတမ်းသာဆော်ပါဗျာ။ ဆရာတို့ဘက်က မှန်နေတယ်လို့ ကျွန်တော် လက်ခံရင် အဲဒီနေရာ ကျွန်တော် မှားသွားပါတယ်လို့ ဝန်ခံဖို့ အဆင်သင့်ပါပဲ။ ကျွန်တော်က လက်မခံနိုင်ရင်လည်း ပြန်ငြင်းဖို့ အဆင်သင့်ပါပဲ။

(ပေါက်ကရတွေဆိုရင်တော့ ပြန်ရှင်းမနေတော့ဘူး။ အလုပ်ရှုပ်တယ်ဗျာ)

အဲ.... ချီးကျူးချင်သပဆိုရင်လည်း အားမနာတမ်း ချီးကျူးပါခင်ဗျာ။ ကျွန်တော် ပြိန့်ပြိန့်ကြီး ပြုံးပြီး 'ဟီးဟီးဟီးဟီး' နဲ့ (နေမြင့်လေ အရှူးရင့်လေ ဂိုက်နဲ့) ဘဝင်မြင့်ကြည့်ပါရစေ။

*

mgyoe.com

mgyoe.com

## ရေ ပေးတာ ဘယ်သူလဲ

ဖလော်ဆော်ဖီရဲ့အစဖြစ်တဲ့ လောဂျစ်ကို အကျဉ်းချုပ်ပြီး ပြောချင်ပါတယ်။ အခြေခံသဘောတွေကိုတော့ မဂ္ဂဇင်းတစ်စောင်မှာ 'မည်သည့်လူမျှ မျောက် မဟုတ်' ဆိုပြီး အခန်းဆက် ရေးထားပါတယ်။ ပျင်းရင်၊ စိတ်ဝင်စားရင် ရှာဖတ်ပေါ့ဗျာ။

လောဂျစ်ကို အကျဉ်းချုပ် ပြောပြရရင်....

(၁) တောင်တွေးမြောက်တွေးနဲ့ မရေမရာလျှောက်တွေးတာ မနိပ်ဘူး။ (တစ်ခါတလေတော့ စိတ်ပြေလက်ပျောက် ပျော်စရာတွေ တွေးပေါ့။ ငယ် ရည်းစားအကြောင်းတို့ ဘာတို့ပေါ့)

(၂) စနစ်တကျ ဆင်ခြင်စဉ်းစားတာ ပိုနိပ်ပါတယ်။

(၃) ဆင်ခြင်တဲ့အခါ ပြဿနာတစ်ခုရဲ့အဖြေတစ်ခုရအောင် ကြိုးစား ရပါတယ်။ အဖြေမသိရင်လည်း ရိုးရိုးသားသားမသိပါလို့ပဲ အဖြေထုတ်ပါ။ (မသိရင် တကယ်ကျွမ်းကျင်နားလည်တဲ့ ပုဂ္ဂိုလ်ကိုမေးပေါ့ဗျာ။ ဈေးမဝယ် တတ်ရင် ကိုယ့်မိန်းမကိုယ် ပြန်မေးသလိုပေါ့)

(၄) စနစ်တကျ ဆင်ခြင်မယ်ဆိုရင် ပုံစံ Form မှန်အောင် အရင် ဆင်ခြင်ရပါတယ်။ဥပမာ–A သည် B ထက်လှ၏။ B သည် C ထက်

mgyoe.com

mgyoe.com


လှ၏။ ထို့ကြောင့် A သည် C ထက်လှ၏ဆိုတာမျိုးပေါ့။ 'လှ၏'ဆိုတဲ့ ဆက်နွယ်မှု Relation ရှိရတယ်။ A သည် B ထက် ကြီး၏။ B သည် C ထက်တို၏။ ထို့ကြောင့် A သည် C ထက်လှ၏။ ဒါမျိုးက ပုံစံမှားတာပေါ့။ (အရှင်းကြီးပဲ)

(၅) လောဂျစ်မှာ ပုံသဏ္ဍာန် Form မှန်အောင် ကြိုးစားပြီးမှ အချက်အလက် မှန် မမှန် စစ်ဆေးရပါတယ်။ ကိုယ်စဉ်းစားတဲ့ အကြောင်းအရာရဲ့ဘောင်ထဲမှာပဲ စဉ်းစားဆင်ခြင်သင့်ပါတယ်။ ဈေးဖိုးအကြောင်း စဉ်းစားရင် ဈေးဖိုး ရရာရကြောင်းပဲ စဉ်းစားပါ။ ကုန်ဈေးနှုန်းတက်တာတို့၊ စီးပွားရေးစနစ်တို့ ထည့်စဉ်းစားစရာ မလိုပါဘူး။ စီးပွားရေးစနစ်အကြောင်း စဉ်းစားချင်ရင်လည်း ဒီအတိုင်းပါပဲ။ ပတ်သက်ဆက်နွယ်သမျှတွေပဲ စဉ်းစားပါ။ ကမ္ဘာကြီးက အလုံးကြီး၊ နေကို ကမ္ဘာက ပတ်တာက ဘဲဥပုံလမ်းကြောင်းစတာတွေနဲ့ စီးပွားရေးနဲ့ သိပ်မဆိုင်ဘူး။

(၆) လောဂျစ်နဲ့ ဖလော်ဆော်ဖီမှာ အရေးကြီးတဲ့ အချက်နှစ်ချက်ရှိပါတယ်။ (က) ယေဘုယျပြုခြင်း Generalization နဲ့ (ခ) ဖြစ်တန်ရာအခြေဖြစ်တန်စွမ်း Probability ပါပဲ။

(၇) လောဂျစ်နဲ့ဖလော်ဆော်ဖီက တစ်ခါတစ်ရံမှားခွင့်ပြုပါတယ်။ (အမြဲတမ်းမှားနေလို့ကတော့ သုံးစားလို့မရတော့ဘူးလေ) ဒါပေမဲ့ အများအားဖြင့်၊ ယေဘုယျအားဖြင့် ဖြစ်တန်စွမ်းများတဲ့ အမှန်ကို ရှာဖို့ ကြိုးစားသင့်ပါတယ်။

တိတိကျကျဖတ်ချင်ရင်တော့ ပါမောက္ခ ဒေါက်တာ ဦးခင်မောင်ဝင်းနဲ့ ကထိက ဦးဆန်းလွင်တို့ မြန်မာလို ပြုစုထားတဲ့ 'အခြေခံယုတ္တိဗေဒ' ဆိုတဲ့ စာအုပ်၊ အဟောင်းဆိုင်တွေမှာ ရနိုင်ပါတယ်။ ခေါင်းစားချင်ရင် ရှာဖတ်ကြပါ။ ခုန်ပျံကျော်လွှား တိုးတက်ရေး စီမံကိန်း စလိုက်ကြရအောင်ဗျာ။ (တရုတ်ပြည်မှာတော့ မော်စီတုန်းရဲ့ အဲဒီစီမံကိန်းကြီးက 'ဂိုး'သွားတယ်ခင်ဗျ)

ကျွန်တော်တို့ အနောက်တိုင်း ဖလော်ဆော်ဖီကပဲ စရအောင်။ အားလုံးလည်း ဒီလိုပဲစကြတယ်ခင်ဗျ။ အနောက်တိုင်းဆိုရင် အထင်ကြီးတတ်ကြတယ်။ တကယ်တော့ အရှေ့တိုင်းမှာလည်း ကြီးကျယ်နက်နဲတဲ့ ဖလော်ဆော်ဖီတွေ တစ်ပုံကြီး။ သူတို့ထက်တောင် စောသေး။ ဘီစီ ၁၅၀၀ လောက်

mgyoe.com

ကတည်းက အရှေ့တိုင်းဖလော်က စနေပြီ၊ ထားပါတော့ဗျာ။ သမားရိုးကျ အတိုင်း အနောက်တိုင်းအတွေးအခေါ်သမိုင်းအစကို လှန်ကြည့်ရအောင်ပါ။

ဂရိပေါ့ဗျာ။ ဂရိဆိုတဲ့နိုင်ငံက အင်ပါယာနိုင်ငံကြီး မဟုတ်သေးဘူး။ (အလက်ဇန္ဒား လက်ထက်ရောက်မှ ဂရိအင်ပါယာကြီး ဖြစ်လာတာပါ။ အဲဒီ ခရစ်မပေါ်ခင် ခြောက်ရာစုလောက်တုန်းက မြို့ပြနိုင်ငံတွေပဲ။ အေသင်၊ စပါတာ၊ သီဘီ၊ မိလိတပ်၊ အာရ်ဂို့စ်၊ မိဂါရာ၊ ကိုရင့်၊ ပီလို စသဖြင့်ပေါ့ဗျာ။ ဒီနေရာမှာ သတိထားဖို့အချက်တစ်ခုရှိပါတယ်။ အဲဒါကတော့ အဲဒီ အေဂျီယံ ပင်လယ်တစ်ဝိုက်ကို ဝင်ရောက်အခြေချခဲ့တဲ့ ရှေးဦးလူမျိုးတွေဟာ အိန္ဒိယတို့၊ ပါရှားတို့ကို ဝင်ခဲ့တဲ့ လူမျိုးတွေလိုပဲ အာရိယန်အနွယ်ဝင်တွေခင်ဗျ ) အကာဒီယန် တွေတဲ့။ သူတို့နဲ့ ဌာနေလူမျိုးတွေ ရောမိကြပြီး နောက်ထပ်ဝင်လာတဲ့ အာရိယန် အနွယ် ဒိုရီယန်တွေပါ ပေါင်းစပ်မိရာက ဂရိလူမျိုးရယ်လို့ ဖြစ်လာကြ တာပါ။ အာရိယန်တွေရဲ့ မူရင်းဒေသဟာ ကက်စပီယန် ပင်လယ်တစ်ဝိုက်လို့ ဆိုကြသဗျ။

အစပိုင်းမှာ ဂရိတွေဟာ နတ်ဘုရားအမျိုးမျိုး ကိုးကွယ်ကြရာက အကြီးဆုံးနတ်ဘုရားကြီး ဇု Zeus ဆိုတာကို ကိုးကွယ်ခဲ့ကြပါတယ်။ ဇုဘုရားကြီးရဲ့ အထက်မှာတော့ မွိုင်ယဆိုတဲ့ ကံကြမ္မာသဘောကြီးရှိသတဲ့။ ကံစီမံရာ ခံကြရတယ်လို့ ယူဆထားတဲ့ သဘောပါပဲ။

ဒီလို ဘုရားကြီးတစ်ဆူတည်း ကိုးကွယ်တဲ့ကိစ္စဟာ အမျိုးသား စည်းလုံးညီညွတ်မှုအတွက် လိုအပ်လို့ပေါ်လာတဲ့ ကိုးကွယ်ရာဘာသာ တရားကြီးတွေပါ။ အဲဒီသဘောမျိုးတွေ အရှေ့တိုင်းမှာလည်း ရှိပါတယ်။ ဥပမာ– ဗြာဟ္မဏဖြစ်လာမယ့် ရှေးဦး 'ဝေဒစ်' အာရိယန်အနွယ်တွေဟာ ဘုရားအမျိုးမျိုးကိုးကွယ်ရာကနေ ဣသရနိမ္မာန (မဟာဗြဟ္မာ)၊ (အတ္တမန်) အစရှိတဲ့ ဘွဲ့တော်တွေနဲ့ ဖန်ဆင်းရှင် ထာဝရဘုရားကြီး (ဗြဟ္မာန်)ကို ကိုးကွယ်ဖို့ ရှေးဗြာဟ္မဏပညာရှိတွေက ဝေဒကျမ်းတွေ ပြုစုခဲ့ပါတယ်။ သူ့ဘုရား၊ ကိုယ့်ဘုရားနဲ့ နတ်ဘုရားအမျိုးမျိုးဖြစ်နေတော့ အမျိုးသား စည်းလုံးညီညွတ်မှု လွယ်လွယ်နဲ့ မရနိုင်ဘူး။ ဒါကြောင့် တစ်မျိုးသားလုံး ကိုးကွယ်ဖို့ ထာဝရဘုရားကြီးတစ်ဆူ ရှိတယ်လို့ ယုံကြည်ဖို့အခြေအနေ လိုအပ်လာတာပါ။

mgyoe.com

mgyoe.com


ပါရှားကို ရောက်သွားတဲ့ ဇိုရိအက်စတာ (ဇရာသုစတြ) (သူတို့လည်း အာရိယန်အနွယ်ပါပဲ)က အဟူရမဇဒ၊ (Ahura Mazda) ဆိုတဲ့ ထာဝရဘုရားကြီးအကြောင်း ဟောပြောခဲ့ပါတယ်။ ဒီလိုနဲ့ ဇိုရိအက်စတာ (ဇရာသုစတြ ) ဘာသာပေါ်လာတာပါ။ ရဟူဒီခေါ် ဂျူးလူမျိုးတို့ကလည်း မိမိတို့လူမျိုးစုများ စည်းလုံးညီညွတ်စေဖို့ ယေဟိုးဝါ (Jehova) ထာဝရဘုရားသခင်ကို ကိုးကွယ်ခဲ့ကြပါတယ်။ ဂျူးတွေရဲ့ခေါင်းဆောင်ကြီးက အဘရာမ် (Abraham) ပါတဲ့။ ဂျူးတွေရဲ့ လွတ်မြောက်ရေးတပ်ဦးခေါင်းဆောင်ကတော့ မောရှေ (Mosset) ပါပဲ။

(အီဂျစ်ကနေ ကျွန်အဖြစ်က လွတ်အောင် ရုန်းထွက်ခဲ့တာ)

ခုနပြောတဲ့ ဂရိမြို့ပြနိုင်ငံတွေခေတ်ရောက်တော့ တိုက်ရိုက် ဒီမိုကရေစီစနစ် ကျင့်သုံးနေကြပါပြီ။ (အဲဒီမတိုင်မီက Tyrant ဆိုတဲ့ မင်းဆိုးတွေ အုပ်စိုးခဲ့သေးတယ်) အေသင်ကတော့ စံပြပေါ့။ ဒီအထဲမှာ ထူးခြားတာက စပါတာမြို့ပြနိုင်ငံဟာ စစ်အုပ်ချုပ်ရေးပုံစံမျိုးနဲ့ အုပ်ချုပ်ပါတယ်။ (ဂရိကိုရန်သူတွေ ကျူးကျော်တော့ ပထမဦးဆုံးနဲ့ နောက်ဆုံး ခုခံတိုက်ခိုက်ခဲ့တာ 'စပါတာ' တွေပါပဲ။ အောင်လည်း အောင်မြင်ခဲ့ပါတယ်။ ဂရိသူရဲကောင်းစစ်သည်တော်တွေပါပဲ။)

အဲ.... အနောက်တိုင်း အတွေးအခေါ်ရဲ့ အစကို ခြေရာကောက်ကြတော့ မိလိတပ်မြို့သား သေလီ Thales က စသတဲ့။ မိလိတပ်မြို့ဆိုတာ ပင်လယ်ဆိပ်ကမ်းမြို့။ ကုန်သွယ်ကူးသန်းရောင်းဝယ်ရေး ထွန်းကားတယ်။ အရှေ့အနောက်ကုန်သည်တွေ ရောက်လေ့ရှိတယ်။ အကြားအမြင် ဗဟုသုတများတယ်။ သေလီကိုယ်တိုင်လည်း ကုန်သည်ပဲ။ သူ့ငွေးဆိုပါတော့။ ငယ်စဉ်က အေဂျီယံပင်လယ်၊ မြေထဲပင်လယ်၊ အီဂျစ်၊ ပါရှား အစရှိတဲ့နေရာအနှံ့ လျှောက်သွားခဲ့ဖူးတယ်။

သူဟာ ပင်လယ်ကမ်းစပ်နဲ့ ပင်လယ်မှာ ကြီးပြင်းတယ်။ မိုးလင်းရင် ရေ၊ မိုးချုပ်လည်း ရေပဲ မြင်ရတယ်။ ဒီတော့ ရှင်းရှင်းလေးပါပဲ။ လောကကြီးတစ်ခုလုံးရဲ့ အခြေခံအဖြစ် ဖွဲ့စည်းတဲ့ အရာဟာ 'ရေ' လို့ ပြောလိုက်ပါတယ်။

ဒီကိစ္စကိုပြောဖို့ သေလီမှာ အခက်အခဲကြီးတစ်ခုရှိတယ်။ အဲဒါကတော့ အစဉ်အလာ ကိုးကွယ်ခဲ့တဲ့ ဇုနတ်ဘုရားကြီးနဲ့ တခြားနတ်ဘုရားတွေ

mgyoe.com

mgyoe.com


ကိစ္စပဲ။ ဂရိလူမျိုးတွေမှာ နတ်ဘုရားတွေ အများကြီးပဲ။ ရေနတ်၊ မီးနတ်၊ တောင်နတ်၊ အားကစားနတ်၊ စစ်နတ်၊ အချစ်နတ် အများကြီးပါပဲဗျာ။ ဒဿနာရှိတွေထဲမှာ နတ်ဘုရားချင်းလည်း မတည့်ချင် မတည့်ဘူး။ အချစ်နတ်ဘုရားမနဲ့ နေနတ်ဘုရားကြီးနဲ့ ငြိတာတို့ဘာတို့လည်း ပါတယ်။ နောက် မြားနတ်မောင်ဆိုတဲ့ ဖူးစာရေးနတ် (အချစ်နတ်ဘုရားမရဲ့သားတဲ့) လည်း ပါသေး။ နတ်ဘုရားဇာတ်လမ်းတွေဟာ ဂရိတွေရဲ့ ရိုးရာပုံပြင်တွေပါပဲ။ အထင်တော့ သေးလို့မရဘူးခင်ဗျ။ အဲဒီနတ်ဘုရားပုံပြင်ထဲမှာ ဟာကျူလီလို လူစွမ်းကောင်းတွေ (ဟာကျူလီဟာ ဒဿနာရှိဆန်ပေမဲ့ ဟာကျူလီ ဇာတ်လမ်းဟာ မကောင်းသူပယ်၊ ကောင်းသူကယ်၊ အားနည်းသူဘက်က ကူညီတဲ့ လူစွမ်းကောင်းဝါဒကို ပြောတာပါပဲ) အိုလံပီယာတောင်တော်မှာ အားကစားပွဲ၊ ဘုရားပွဲ ကျင်းပတဲ့အခါ အချင်းချင်းတိုက်နေတဲ့စစ်တွေ အကုန်အပစ်အခတ် ရပ်စဲရေးလုပ်၊ အားကစားကိုပဲလုပ်ကြ။ ဒီနည်းနဲ့ အချင်းချင်း ပြေလည်ခဲ့တဲ့ သာဓကတွေလည်း ရှိပါတယ်။

အဲသလောက် နတ်ဘုရားတွေ အများကြီးရယ်၊ မွိုင်ယကြမ္မာနဲ့ ဇု ဆိုတဲ့နတ်ဘုရားကြီးက အစစ အရာရာ သူ့သဘောအတိုင်း စီမံနေတယ်လို့ ယုံကြည်ခဲ့ကြတဲ့ [အဲဒီ ဇုဘုရားကြီးမှာလည်း ဟေရာဆိုတဲ့ ကြင်ရာတော် နတ်ဘုရားမကြီးရှိသတဲ့။ ဟိန္ဒူဖြစ်လာမယ့် ဗြာဟ္မဏဝါဒမှာလည်း အဲသလို နတ်ဘုရားတွေနဲ့ ကြင်ရာတော်နတ်ဘုရားမ (မယ်တော်တွေ) ရှိတာပါပဲ။] အဲသလို နတ်ဘုရား အစွဲအလမ်းကြီးနေတဲ့အချိန်မှာ ('တစ်လောကလုံးရဲ့ အခြေခံအရာဝတ္ထု Substance ဟာ 'ရေ'ပါပဲကွာ) လို့ ပြောရဲဖို့ သတ္တိကတော့ တော်တော်ကြီးရပါလိမ့်မယ်။

'သေလိ'ရဲ့ တင်ပြပုံတင်ပြနည်း Presentation ပိုင်ပုံက တော်တော်နိပ်တယ်ဗျ။ ဆရာကြီးသေလိက နတ်ဘုရားနဲ့ ကိုးကွယ်မှုတွေအကြောင်း ဘာတစ်ခုမှ ဝေဖန်ပြောကြားတာမရှိဘူး။ ရိုးရိုးရုပ်လောက လက်တွေ့ မျက်တွေ့ ကိစ္စ (လောကီကိစ္စ)ကိုပဲပြောတာ။ သူ့စကားထဲမှာ'ရေဘုရားကြီး' လို့လည်း မပါဘူး။ ဘုရားက ဖန်ဆင်းတာ မဟုတ်ပါဘူးကွာ ဆိုတာလည်း မပါဘူး။

အရာရာတိုင်းမှာ ရေပါတယ်လို့ပဲ ပြောတယ်။ သူပြောတဲ့ သဘောတရား အနှစ်ချုပ်က ခု ၂၁ ရာစုအထိ ခေတ်မီနေသေးတယ်။ ရုပ် Matter နဲ့

mgyoe.com

mgyoe.com


ပတ်သက်လို့ပေါ့။ ၂၀ ရာစု သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ စသဖြင့် ပေါင်းစပ်ပြီး သိပ္ပံပညာရှင်တွေက တွက်ချက် ရှင်းလင်း တင်ပြထားတယ်။ အနန္တ စကြဝဠာကြီး တစ်ခုလုံးကို ဟိုက်ဒရိုဂျင်ဓာတ်နဲ့ 'အစာသွတ်' ထားပါသတဲ့။ သဘောကတော့ စကြဝဠာကြီးတစ်ခုလုံးမှာ ဟိုက်ဒရိုဂျင်ဓာတ်ရှိတယ်လို့ ပြောတာပါပဲ။ ရေထဲမှာ ဟိုက်ဒရိုဂျင် မော်လီကျူးနှစ်လုံးနဲ့ အောက်ဆီဂျင် မော်လီကျူးတစ်လုံးပါတယ်ဆိုတာ မူလတန်းကလေးတောင် သင်ဖူးလိမ့်မယ်။ ဒီတော့ ရေထဲမှာ ဟိုက်ဒရိုဂျင်ပါတယ်။ လေထဲမှာ ဟိုက်ဒရိုဂျင် ပါတယ်။ စကြဝဠာကြီး တစ်ခုလုံးမှာလည်း ဟိုက်ဒရိုဂျင်တွေ ရှိနေတယ်။ ဟိုက်ဒရိုဂျင်ဟာ အဏုမြူရူပဗေဒမှာ နံပါတ်ထိုးတော့ (၁)နံပါတ်တစ်တဲ့ ခင်ဗျ။ ဟိုက်ဒရိုဂျင်က ရိုးရှင်းတယ်။ နူထရွန်တစ်လုံး၊ အီလက်ထရွန် တစ်လုံးပဲ ပါတယ်တဲ့။

ဒီနေရာမှာ အနောက်တိုင်းရဲ့ အတွေးအခေါ်အစဟာ ဗဟိဒ္ဓ၊ အပြင် အပကို ဦးစားပေးထားတယ်ဆိုတာ ကျွန်တော် သတိထားမိပါတယ်။

ကျွန်တော်တို့ အရှေ့တိုင်းက အဇ္ဈတ္တ၊ အတွင်းသဘော စိတ်အေးချမ်းမှုနဲ့ လောကမှာ လူလူချင်း အဆင်တပြေနဲ့ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေးနဲ့ တစ်ဦးချင်းရဲ့ လွတ်မြောက်မှု (လွတ်လပ်မှု) စိတ်ချမ်းသာမှုကို ဦးစားပေးစဉ်းစားထားတယ်လို့ ကျွန်တော် ယူဆပါတယ်။

သေလိဟာ ခရစ်မပေါ်မီ ဘီစီ ၆၂၅ လောက်မှာ မွေးပြီး ဘီစီ ၅၄၅ မှာ ကွယ်လွန်တယ်လို့ မှတ်တမ်းရှိပါသတဲ့။ သေလိမတိုင်မီ ဂရိအစဉ်အလာ အတွေးအခေါ်အရ သဘာဝလောကကြီးကို ဆင်ခြင်စဉ်းစားကြတော့ ဇုဆိုတဲ့ နတ်ဘုရားကြီးက အကြီးဆုံးဘုရားကြီး။ ပြီးတော့ မွိုင်ယ(ကံကြမ္မာ)ဆိုတဲ့ ဒြပ်မဲ့သဘော၊ တစ်ခုတည်းသောသဘောကို စဉ်းစားခဲ့ကြပါတယ်။

သေလိက မွိုင်ယ ကံကြမ္မာအကြောင်း ဘာမှမဝေဖန်ဘူး။ ရုပ်ဝတ္ထု ပစ္စည်း တွေအကြောင်းပဲပြောတယ်။ လူ၊ တိရစ္ဆာန်၊ သစ်ပင်၊ တောတောင်၊ ကမ္ဘာကြီး၊ လောကကြီး အဲဒါတွေအားလုံးရဲ့ တစ်ခုတည်းသော အခြေခံသဘော (ရုပ်သဘော)ကို စဉ်းစားကြည့်တယ်။ ပြီးတော့ 'ရေ'လို့ ဖြေလိုက်တာပါပဲ။

ဒီဆရာကြီးကို ချီးကျူးရပါလိမ့်မယ်။ ကံကြမ္မာ 'မွိုင်ယ' ကြီးကိစ္စ၊ ဘုရားကြီး ဇုကိစ္စကို တစ်ခွန်းမှမပြောဘဲ 'ရုပ်' အခြေခံသဘောကိုသာ ပါးပါး

mgyoe.com

mgyoe.com


နပ်နပ် တင်ပြလိုက်တယ်။ ပြောင်းပြန်စဉ်းစားကြည့်ရင် လောကကြီးရဲ့ တစ်ခု တည်းသော သဘောဟာ 'ဇ' လည်းမဟုတ်၊ ကံကြမ္မာ (မွိုင်ယ)လည်း မဟုတ်၊ 'ရေဓာတ်'ပါပဲဗျာလို့ မပြောရုံတမည်ပါပဲ။ ထာဝရဘုရားနဲ့ စတင် လမ်းခွဲလိုက်တယ်လို့ ပြောနိုင်ပါတယ်။ အနောက်တိုင်း ရုပ်ဝါဒရဲ့အစ လို့လည်း ဆိုချင် ဆိုနိုင်ပါသဗျ။

✧

mgyoe.com

mgyoe.com

# အကြောင်းမဲ့ အကျိုးမဖြစ်ဘူး

mgyoe.com

mgyoe.com

## (က) အနောက်တိုင်း ဒဿနခြေရာများ

အကြောင်းမဲ့ အကျိုးမဖြစ် မရှိဆိုတဲ့သဘောကို အခြေခံအားဖြင့် လက်ခံနိုင်မယ်ဆိုရင် ကျွန်တော် တွေးမိသမျှ ရေးပါရစေဦး။

ကျွန်တော် လက်လှမ်းမီသမျှ အနောက်တိုင်းအတွေးအခေါ်အကြောင်း ရေးထားတဲ့ စာအုပ်တွေထဲမှာ ဂရိ (မိလိတ) တွေးခေါ်ရှင်တွေက စနစ်ကျတဲ့ အတွေးအခေါ်ပညာ (ဒဿနဗေဒ)ကို စတင်တယ်လို့ ဆိုကြပါတယ်။

အဲဒီအရင်ကရှိခဲ့တဲ့ အနောက်တိုင်း ယဉ်ကျေးမှု (အမှန်ကတော့ အရှေ့အလယ်ပိုင်းဒေသ ယဉ်ကျေးမှုကြီး)တွေနဲ့ အတွေးအခေါ် ပညာရပ်ဆိုင်ရာတွေကို မှတ်စု သဘောလောက်ပဲ ဖော်ပြပါတယ်။ ဆရာကြီး Will Durant ရဲ့ ကမ္ဘာကျော်စာအုပ်တစ်အုပ်ဖြစ်တဲ့ The Story of Philosophy ဆိုတဲ့ စာအုပ်တော်ကြီးမှာလည်း မိလိတမြို့သား ဆရာကြီး သေလိတို့အကြောင်းကို တို့ကနန်း ဆိတ်ကနန်းပဲ ရေးထားပါတယ်။

(Will Durant) က ဂရိမတိုင်မီကစတဲ့ ယဉ်ကျေးမှုကြီးတွေ အကြောင်းကို The Story of Civilizations ဆိုတဲ့ စာအုပ်ကြီး ပြုစုခဲ့ပါတယ်။ အတွဲ ၆ တွဲရှိပါတယ်။ ကျွန်တော် မဖတ်ဖူးပါ)

အဲသလို အနောက်တိုင်း အတွေးအခေါ်နဲ့ အနောက်တိုင်း ယဉ်ကျေး

mgyoe.com

mgyoe.com


မှုကို ဂရိက စတယ်လို့ ဆိုကြတဲ့အခါ ကျွန်တော့်စိတ်ထဲမှာ မတင်မကျ ဖြစ်ရပါတယ်။ ဂရိကကော ဘယ်လိုက ဘယ်လို တိုးတက်လာသလဲ။ (ဟုတ်သလေ၊ ဂရိပညာရှင်တွေက မိုးကျရွှေကိုယ်တွေမှ မဟုတ်တာကြီး)လို့ ကိုယ့်ဘာသာ မေးခွန်းထုတ်ပါတယ်။ အဖြေက လွယ်လွယ်လေးပါ။ အနောက်တိုင်းအတွက် အရေးတကြီး အချက်အချာ နေရာတွေဖြစ်တဲ့ ယူဖရေးတိနဲ့ တိဂရိ (ယခု အီရတ်၊ အီရန်)ဟာ အစပါပဲ။ အဲဒီ ယူဖရေးတိနဲ့ တိဂရိရဲ့ အစကို ထပ်ရှာတော့ စိုက်ပျိုး၊ မွေးမြူ၊ နယ်မြေလု၊ ကုန်သွယ်၊ မြို့ပြယဉ်ကျေးမှုကြီးတွေဆောက် စသဖြင့် ကျွန်တော် ခြေရာလိုက်ကောက် လိုက်တာ အလွန်ရှင်းတဲ့အဖြေကိုရပါတယ်။ လူနဲ့ လူ့ဦးနှောက်က စပါတယ်။ နှလုံးသားက ပိုအရေးကြီးပါတယ်။ ခုကျွန်တော်တို့ ၂၁ ရာစုမှာ အလွန် တိုးတက်တယ်လို့ဆိုကြပါတယ်။ တကယ်က ရုပ်ဝတ္ထုဘက်မှာတိုးတက်တာ မှန်ပါရဲ့။ စိတ် (နာမ်) သဘောမှာ ဆုတ်ယုတ်သွားတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ (ဘယ်ဆရာကြီးရဲ့အဆိုအမိန့်မှ မဟုတ်ပါဘူး) ၂၁ ရာစုရဲ့ အကြီးမားဆုံး အားနည်းချက်ဟာ လူတွေ ကိုယ်ကျင့်တရား ဆုတ်ယုတ် ပျက်စီးလာတာပါပဲ။ ဆန်းသစ်တဲ့ ရုပ်ဝတ္ထုပစ္စည်း အကောင်းစားတွေနောက် တကောက်ကောက်လိုက်ရင်း ပင်လယ်ဆားငန်ရေ 'သောက်လေသောက်လေ၊ ငတ်မပြေ' ဖြစ်လာပါတော့တယ်။ ဒါကြောင့် လူအများစုကြီးဟာ ချမ်းသာဖို့ အတွက် ဘာမဆိုလုပ်၊ တရားတယ်ဆိုတဲ့ တော်တော်ဆိုးရွားတဲ့အတွေးတွေ ဝင်လာပါတယ်။ 'ကိုယ်ချမ်းသာမယ်၊ စိတ်ချမ်းသာမယ်ဆိုရင် လုပ်ချင်ရာ လုပ်၊ သိပ်ကိုဟုတ်' ဆိုတဲ့ လူပေါ်စက ခပ်တုံးတုံး အတွေးအခေါ်ဘက်ကို ပြန်ပြီး ဦးတည်နေပါပြီ။

လူ့အတွေးအခေါ်နဲ့ ပတ်သက်လို့ ခြေရာကောက်ရင် လူပေါ်စ၊ အုပ်စုနဲ့ နေတတ်စအချိန်ကို ပြန်ရောက်သွားပါလိမ့်မယ်။

ဒါကြောင့် ရှည်လျားထွေပြားမှာစိုးလို့ အနောက်တိုင်းယဉ်ကျေးမှု စပါပြီလို့ ပညာရှင်ကြီးများက 'ထင်'ကြတဲ့ ဆူမားရီယန် ယဉ်ကျေးမှုလောက် ကပဲ စလိုက်ရပါတယ်။ ကျွန်တော့်အယူအဆကို ပွင့်ပွင့်လင်းလင်းပြောရရင် အဲဒီ ဆူမားရီယန်လို့ အမည်တွင်လာမယ့် လူစုကြီးဟာ စားပြ အကြီးစား တွေပါ။ စိုက်ပျိုးရေးအတွက် မြေဩဇာကောင်းတဲ့ မက်ဆိုပိုတေးမီးယား၊

mgyoe.com

mgyoe.com

အာရှမိုင်းနား အထူးသဖြင့် ယူဖရေးတိနဲ့ တိဂရိမြစ်ဝှမ်းတွေကို ဝင်ရောက်စီးနင်း တိုက်ခိုက်သိမ်းပိုက်ခဲ့ကြတာပါပဲ။

ပြီးတော့ အဲဒီအနားမှာရှိနေပြီးသားဖြစ်တဲ့ လူတွေကို (ရွှေကိုယူသည်၊ ငွေကိုယူသည်၊ ပြီးတော့ လူကိုပါယူသည်) လုပ်လိုက်ကြတာပါပဲ။ အဲဒါ ဓားပြအကြီးစားမဟုတ်လို့ ဘာတဲ့တုံးဗျာ။

ကဲပါဗျာ။ ပညာရှိကြီးတွေလို့ အမည်ခံထားတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ သုတေသနပြုထားတာတွေပဲ အကျဉ်းချုပ်ပြန်ရေးပါရစေ။

(သတိပြုစေချင်တာကတော့ အဲဒီယဉ်ကျေးလှပါတယ်ဆိုတဲ့ လူမျိုးစုကြီးတွေဟာ ဓားပြကြီး တွေဘဝက စခဲ့တယ်ဆိုတာပါပဲ)

ကျွန်တော်ရေးခဲ့တဲ့ (ဂရိ) မိလိတမြို့က သေလီ၊ အနက်ဇီမန်ဒတို့ မတိုင်မီ အဲဒီပုဂ္ဂိုလ်ကြီးတွေ တွေ့ကြုံကြားမြင်ခဲ့ရတဲ့ ယဉ်ကျေးတိုးတက်မှု (Civilizations) ကြီးတွေ ရှိခဲ့ပါသေးတယ်။ ဒါကြောင့် ဂရိအတွေးအခေါ်တွေ ဘယ်လိုပေါ်ပေါက်ခဲ့သလဲဆိုတာကို ခြေရာကောက်ဖို့ လိုအပ်နေပါသေးတယ်။

အဲဒါတွေကို အကျဉ်းချုပ်လောက်ပြောပြမှ ဂရိအတွေးအခေါ်စပုံကို ရှင်းနိုင်ပါတယ်။ ဒါကြောင့် အနောက်တိုင်း(ခု အရှေ့အလယ်ပိုင်း) ယဉ်ကျေးမှု တိုးတက်မှုကြီးတွေကို ပြောပြဖို့လိုအပ်ပါတယ်။ အကြမ်းအားဖြင့်ပိုင်းခြားရင် အရှေ့တိုင်းနဲ့ အနောက်တိုင်းလို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့ တကယ်တမ်း စတင် ယဉ်ကျေးတိုးတက်ခဲ့တာဟာ အရှေ့တိုင်း (အိန္ဒိယ၊ တရုတ်) နဲ့ အရှေ့အလယ်ပိုင်းလို့ အခုခေါ်တဲ့ အီရန်ပါရှား၊ အီရတ်၊ အီဂျစ် အစရှိတဲ့ နေရာတွေပဲ ဖြစ်ပါတယ်။

(အရှေ့တိုင်းအတွေးအခေါ်တွေကို အခုပြောရင် နည်းနည်းရှုပ်မှာစိုးလို့ အနောက်တိုင်းအတွေးအခေါ်ကိုပဲ စပြီး ခြေရာကောက်လိုက်ပါတယ်)

## ဆူမားရီယန်များ

၁။ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးထောင့်ငါးရာ(ဘီစီ–၂၅၀၀)လောက်ကတည်းက မက်ဆိုပိုတေးမီးယားလွင်ပြင်လို့ခေါ်တဲ့(အခု အီရတ်)နေရာမှာ ယူဖရေးတိနဲ့ တိဂရိမြစ်ဝှမ်းမှာ ဆူမားရီယန် (Sumerians) ဆိုတဲ့ လူမျိုးစု

mgyoe.com

ကြီး တိုးတက်ယဉ်ကျေးခဲ့ပါတယ်။ တူးဖော်တွေ့ရှိရသမျှထဲက ထင်ရှားတဲ့ မြို့ကြီးတွေက ဦး(Ur)၊ လာဂ(Lagash)၊ နိပ္ပုရ် (Nippur) စတဲ့ မြို့ကြီးတွေ ပါပဲ။ သူတို့မှာ ဘာသာရေးရှိပါတယ်။ တစ်ဆူတည်းသောဘုရားကို ယုံကြည် ခဲ့ကြပါတယ်။ နောက်တော့ လူမျိုးစုတွေက ဘုရားတွေ ထပ်ကိုးကွယ်ခဲ့ကြ ပါတယ်။

ဒီနေရာမှာ ကျွန်တော် သတိထားမိတာ တစ်ချက်လည်း ရှိပါတယ်။ ဆူမားရီယန်တွေဟာ တစ်ဆူတည်း၊ ဒါမှမဟုတ် တစ်ခုတည်းဆိုတဲ့ အခြေခံ သဘောကို လက်ခံခဲ့ကြတယ်။ လူ့လောကကြီးနဲ့ လူတွေအတွက် တစ်ဆူ တည်းသော ဘုရားကြီးက ဖန်ဆင်းတယ်။ ဒါမှမဟုတ် အဲဒီ ထာဝရဘုရား ကြီးရဲ့ အမိန့်အတိုင်း ဖြစ်ကြပျက်ကြရတယ်ဆိုတဲ့ သဘောပါ။ ဧကတ္တဝါဒ (Monism)ကို အခြေချတယ်လို့ ယူဆပါတယ်။ ပြီးတော့ အာရုံခံစားနိုင်မှုက လွန်သွားတဲ့ ရုပ်လွန်သဘော (Metaphysics)ကို လက်ခံခဲ့ကြတယ် ဆိုတာ ပါပဲ။ ဘုရားတွေ အများကြီးကိုးကွယ်တယ်ဆိုရင်လည်း အာရုံခံစားမှုနဲ့ လူ့တွေးခေါ်ဆင်ခြင်နိုင်မှုက လက်လှမ်းမမီတဲ့သဘောတွေရှိတယ်လို့ ယုံကြည် ခဲ့ကြတာပါပဲ။ အဲဒီ ကိုးကွယ်ယုံကြည်မှုတွေမှာ အတွေးအခေါ်သဘော (ဖလော်ဆော်ဖီ) တွေ ပါနေပါတယ်။ ဖလော်ဆော်ဖီလို့ သတ်သတ် ခွဲမထွက် သေးပေမဲ့ တွေးခေါ်ဆင်ခြင်စဉ်းစားမှုတော့ ရှိနေပါပြီ။ ရိုးရိုး အာရုံခံ ပစ္စည်းတွေနဲ့ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိတွေ အနက်မှာ 'သိ' ဆိုတဲ့ကိစ္စကို စဉ်းစားကြပါပြီ။ သဘောကတော့ လူတွေမသိနိုင်သေးတဲ့ အချက်တွေ၊ လောကကြီးရဲ့ လျှို့ဝှက်ချက်တွေရှိတယ်လို့ စပြီး စဉ်းစားနေကြပါပြီ။ စဉ်းစားလို့ မရနိုင်တဲ့အခါ၊ အဖြေရှာမရတဲ့အခါ 'ဘုရားသခင် အလိုတော် အတိုင်းပဲလေ' ဆိုတဲ့အဖြေကို ထုတ်လိုက်တာပါပဲ။ ဆူမားရီယန်တွေကို ဘာသာရေးခေါင်းဆောင် 'ဘုန်းတော်ကြီးဘုရင်' တွေက အုပ်ချုပ်ခဲ့ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေကို ဘုရားသခင်က ခန့်အပ်ထားတဲ့ အုပ်စိုးသူတွေလို့ ယူဆ ခဲ့ကြပါတယ်။ ရှင်းရှင်းပြောရရင် အဲဒီဘုန်းကြီးဘုရင်တွေက လူအများစု ကြီးကို အုပ်ချုပ်ဖို့ သူတို့ကိုယ်သူတို့ ဘုရားသခင်က ခန့်အပ်လိုက်တာလို့ 'လိမ့်' လိုက်ကြတာပါပဲ။ အအုပ်ချုပ်ခံလူတွေကလည်း 'ဟုတ်မှာပေါ့လေ' (ဟုတ်ပေရာ၏) လို့ လက်ခံလိုက်ကြတာ ဖြစ်ပါလိမ့်မယ်။ ဟုတ်မှဟုတ်ရဲ့

mgyoe.com